မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၂၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၇၂)

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ ကျင်းပ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက် ကြက်ဆူပင်စိုက်ပျိုးပေး

စီးပွားဖြစ်ထွန်းသည့် ကုန်ထုတ်လုပ်ငန်းအဖြစ်ဆောင်ရွက်ရန် စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းစိုက်ပျိုး

ရန်ကုန် မတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မတ် ၁၈ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့၌ ကျင်းပသည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို တက်ရောက်အားပေး၍ ကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✡



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တပ်နယ်ခန်းမ၌ လားရှိုးတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံ မှာကြားစဉ်။ (သတင်းစဉ်)

ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အပြန်အလှန် နားလည်စာနာမှု၊ ကူညီရိုင်းပင်းမှုနှင့် ညီညွတ်မှုတို့သည် လုပ်ငန်းအောင်မြင်ရေး၏ သော့ချက်ဖြစ်

အမျိုးသားရေးစွမ်းအားများကြောင့် နိုင်ငံတော်တွင် ဘက်စုံတိုးတက်အောင်မြင်မှုများ ဆက်တိုက်ရရှိနေ ကိုယ့်ခွန်ကိုယ့်အားဖြင့် နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်နေချိန် တက်ညီလက်ညီ ဦးထမ်းပဲ့ထမ်းဆောင်ရွက်

ရန်ကုန် မတ် ၂၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားသည်။

တက်ရောက်

တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်းတင်ပြရာ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ပြည်ထောင်စုတိုင်းရင်းသားမျိုးနွယ်စု ညီအစ်ကိုများ ချစ်ကြည်ရင်းနှီးစွာ စုစည်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုအနှစ်သာရအပြည့်အဝရှိသော ပြည်နယ်ဖြစ်ပါကြောင်း။ *စာမျက်နှာ ၆ ကော်လံ ၁* ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၂၁ ရက်)

ဘဏ်ဝန်ဆောင်မှုဖြင့် စိတ်ချမ်းသာမှုပေးနိုင်ရေးကြိုးပမ်း ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး ပါဝင်ထမ်းဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို နယ်ပယ်ကဏ္ဍစုံ၌ နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အတွက် စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာဖြစ်ပေါ်လာရေး၊ ပုဂ္ဂလိက စက်မှုကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရေး၊ ဖွဲ့စည်းပြီးသည့် စက်မှုဇုန်များပိုပြင်စွာ တိုးတက်ဖြစ်ပေါ်ရေးစသော ရည်ရွယ်ချက်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးများကို ဖြည့်ဆည်းပေးရေးနှင့် ငွေကြေးဝန်ဆောင်မှုပေးရေးကို ဘဏ်လုပ်ငန်းကဏ္ဍမှ အဓိကဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်၊ ပြည်တွင်းပြည်ပ၌ မြန်မာကျပ်ငွေတန်ဖိုး ပိုမိုခိုင်မာရေးအတွက် ဘဏ်များအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊ ဘဏ်တစ်ခုနှင့်တစ်ခု ကူညီရိုင်းပင်းရေးနှင့် ဘဏ်များ၏အကျိုးကို ပံ့ပိုးဆောင်ရွက်ပေးရေးတို့အတွက် ဦးဆောင်မှုပေးရန်၊ ပြည်သူများ ဘဏ်ကိုအားထားအသုံးပြုသည့် အလေ့အထ ပြုစုပျိုးထောင်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံဘဏ်များအသင်းကို ၁၉၉၉ခုနှစ် ဧပြီ၁ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၉ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂) စည်ပင်လမ်းသစ်လမ်းရှိ အဆိုပါအဆောက်အအုံသစ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တည်ငြိမ်ခိုင်မာရေးအတွက် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ကောင်းစွာဖြင့် တိုးတက်ရန် ဘဏ်လုပ်ငန်းကဏ္ဍသည် အဓိကအရေးကြီးသည့် လိုအပ်ချက်ဖြစ်သည်။

ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်ရေးအတွက် ဗဟိုဘဏ်၏ ဘဏ်လုပ်ငန်းကြီးကြပ်စိစစ်ရေးအဖွဲ့နှင့် ဘဏ်လုပ်ငန်းစည်းမျဉ်း၊ စည်းကမ်းများ ချမှတ်ထိန်းကျောင်းမှုတို့ကို ပိုမိုပြီးအလေးထားဆောင်ရွက်လျက်ရှိသည်။

ဘဏ်များအနေဖြင့် ပြည်သူလူထုကို ဝန်ဆောင်မှုများပေးရာတွင် နိုင်ငံတော်က ပြဋ္ဌာန်းထုတ်ပြန်ထားသည့် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခေတ်မီတိုးတက်သည့် ဘဏ်လုပ်ငန်းစနစ်များဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်သည့်အခါတွင်လည်း တိုးတက်မှုရရှိစေရန် ဘဏ်တစ်ခုနှင့်တစ်ခု မှန်ကန်သည့်ယှဉ်ပြိုင်မှုများဖြင့်သာ ပြည်သူလူထု၏ ဘဏ်လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံဘဏ်များအသင်းဝင်ဖြစ်သည့် ဘဏ်များအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်နိုင်ရန် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

မကြာမီကာလတွင် အထူးစီးပွားရေးဇုန်၊ ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်၊ စက်မှုအထူးဇုန်များ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သည့်အခါ ဘဏ်လုပ်ငန်းသည် ပိုမိုအရေးပါလာမည်ဖြစ်၍ ပြည်တွင်း ပုဂ္ဂလိက ဘဏ်များအနေဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းတွင် ယှဉ်ပြိုင်မှုစွမ်းအားအပြည့်ဖြင့် မိမိ၏ အခန်းကဏ္ဍ လျော့ကျမသွားအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဘဏ်များအနေဖြင့် ဘဏ်နှင့်ဆက်သွယ်လာကြသည့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ဘဏ်ဝန်ဆောင်မှုမှတစ်ဆင့် စိတ်ချမ်းသာမှုပေးနိုင်စေရန် ကြိုးပမ်းသွားကြရမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းအောင်မြင်ဖြစ်ထွန်းပြီး ခေတ်မီတိုးတက်သောနိုင်ငံတော်ကြီးတည်ဆောက်ရာ၌ အရေးပါသော အခန်းကဏ္ဍမှ ထိရောက်စွာ ပါဝင်ထမ်းဆောင်နိုင်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပျဉ်းမနား(မြောက်)နန်ချိုကြိုးဝိုင်းသစ်ထုတ်လုပ်မှုအခြေအနေ

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် စစ်ဆေး

ရန်ကုန် မတ် ၂၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် မတ်၁၇ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပျဉ်းမနား(မြောက်)သစ်ထုတ်ရေးဒေသ နန်ချိုကြိုးဝိုင်းအကွက်အမှတ်(၁၇)သို့ ရောက်ရှိပြီး ကြိုးဝိုင်းအတွင်း သစ်ထုတ်ထားရှိမှုအခြေအနေကိုစစ်ဆေးသည်။ ဝန်ကြီးအား ဒေသမန်နေဂျာ ဦးစောဂျိမ်းကလိုးဝါးက သစ်ခုတ်လှဲပြီးစီးမှု၊ သစ်တိုက် လမ်းဖောက်လုပ်ပြီးစီးမှုနှင့် သစ်ထုတ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ သစ်ထုတ်ရေးအထွေထွေ မန်နေဂျာ ဦးအေးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဂရုစိုက်ရေးမှာကြား

ထို့နောက် ဝန်ကြီးက ခုတ်လှဲထားသည့် သစ်ငုတ်များ၊ သစ်လုံးများကို စနစ်တကျဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ဆေးပြီး သစ်တောဦးစီးဌာန၏ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ သစ်ထုတ်လုပ်ရေး၊ ရာသီအမီ မိုးမကျမီ ထုတ်လုပ်ထားသည့်သစ်များ သစ်ဆိပ်အရောက် အချိန်မီသယ်ဆောင်ရေး၊ ရှေ့လာမည့်နှစ် သစ်ထုတ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရေးတို့ကို မှာကြားသည်။ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ် ခေါ်မသစ်ဆိပ်သို့ရောက်ရှိပြီး သစ်လုံးများ စနစ်တကျထားရှိရေး၊ မီးဘေးအန္တရာယ် ကင်းဝေးအောင်ဆောင်ရွက်ထားရေး၊ လုံခြုံရေး ဂရုစိုက်ရေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထောက်ကြန့်ပုပ္ပားကျောင်း သင်္ကြန်တွင်းတရားစခန်းပွဲ

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်း ပဓာနနာယက ဘဒ္ဒန္တပဏ္ဍိစ္စ (မဟာသဒ္ဓမ္မဇောတိကဓဇ)ကြီးမှူး၍ သင်္ကြန်တွင်း ဧပြီ ၁၀ရက်မှ ၁၇ရက်အထိ ဒုလ္လဘရဟန်းခံပွဲ၊ သိက္ခာကံထပ်ပွဲ၊ သီလရှင်ဝတ်ပွဲနှင့်မဟာသတိပဋ္ဌာန် ဝိပဿနာတရားစခန်းပွဲ ဖွင့်လှစ်ကျင်းပမည်ဖြစ်သည်။ ဒုလ္လဘရဟန်းခံလိုသူများသည် ဧပြီ ၁၀ရက် သိမ်ဝင်ရမည်ဖြစ်ပြီး တရား စခန်းဝင်ယောဂီများ ဧပြီ ၁၁ရက် မွန်းတည့် ၁၂နာရီအရောက် လာကြရ မည်ဖြစ်သည်။ သင်္ကြန်တွင်း ဒုလ္လဘ ရဟန်းများ၊ ယောဂီများကို အရဏ်ဆွမ်းတစ်ရက်စာ ကျပ် ၂၀၀၀၀၊ နေ့ဆွမ်း တစ်ရက်စာကျပ် ၃၀၀၀၀နှင့် အချိုပွဲ တစ်ရက်စာ ကျပ်၁၀၀၀၀ဖြင့် လှူဒါန်း လိုသူများ ဖုန်း-၆၀၀၀၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၁၀၃နေ ဦးမောင်မောင်ခင်-ဒေါ်ခင် ညို(၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့ အထိမ်းအမှတ် ဒဂုံမြို့နယ် အမှတ် ၁၂၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး ဘုရားခန်းအတွက် အလှူငွေကျပ် သိန်း ၁၀၀ကို တိပိဋကဓရ ဆရာတော်များရှေ့တွင် ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ ဆင်မင်း ဦးတင်ရွှေနှင့် ဒုတိယဥက္ကဋ္ဌဆရာကြီး ဦးအောင်သန်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကွယ်လွန်သူ မိဘများ ဦးကျော်- ဒေါ်ညွှာနှင့် အစ်မများဖြစ်ကြသောဒေါ်ထားခင်၊ဒေါ်လှရှင်တို့အား ရည်စူး၍ အမှတ်(၅၄) ၃လမ်း မြို့မရပ်ကွက် ဗဟန်းမြို့နယ်နေ ဒေါ်ထားရင်နှင့် မောင်နှမတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် အလှူငွေ ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၁-၃-၂၀၀၆
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၅ ၈။ ပညာခေတ်
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြက်ခင်းစိမ်းနဲ့ အိမ်ကလေး”** (အပိုင်း-၈)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပါရမီရှင်သိုင်းလုလင်”** (အပိုင်း-၂၆)

လူ့အခွင့်အရေးကို ခုတုံးလုပ် အသုံးချနေတဲ့ အမေရိကန်ရဲ့ထွင်လုံးကို ပုံတူကူးချလျှင်မှားမည်

စာဖတ်သူတစ်ဦး

အမေရိကန်အစိုးရက ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေးဆိုတာတွေကို ခုတုံးလုပ်အသုံးချနေတာဟာ တစ်ဖက်က ကိုလိုနီနယ်ချဲ့လက်သစ်ဘီလူးရုပ်ကိုဖုံးအုပ်ဖို့ မင်းသားခေါင်းဆောင်းပြီး ဟန်ရေးပြနေတာသာဖြစ်တယ်လို့ ကမ္ဘာ့နိုင်ငံအစိုးရများနဲ့ ကမ္ဘာ့ ပြည်သူတွေက နောကျေအောင် သိနေကြပြီဖြစ်ပါတယ်။ အခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း ဝါဒဖြန့်ချိရေးနဲ့ စိတ်ဓာတ်စစ်ဆင်ရေး စစ်ပွဲဆင်နွှဲပြီး အမျိုးသားသစ္စာဖောက် လူတွင်ကျယ်တတ်ယောင်ကားတွေကို တပည့်မွေး၊ ဆရာကြီးလုပ်နေတာ သိသာထင်ရှားလွန်းပါတယ်။

အမေရိကန်နဲ့ အပေါင်းပါတွေ ကျူးကျော်စစ်ဆင်နွှဲခဲ့ပြီးနောက်ပိုင်း အီရတ်နိုင်ငံမှာ အမေရိကန်ရဲ့မူဝါဒကို ယုံကြည်သက်ဝင်လာစေဖို့နဲ့ လက်ဝေခံ၊ ဩဇာခံတွေ ပြန့်ပွားလာစေဖို့အတွက် ဝါဒဖြန့်ချိရေး လုပ်ငန်းတွေကိုလုပ်ဆောင်ခဲ့တယ်လို့ သိရပါတယ်။ ပင်တဂွန်စစ်ဌာနချုပ်က အီရတ်နိုင်ငံအတွင်း ထုတ်ဝေနေတဲ့ သတင်းစာတွေမှာ အမေရိကန်ဝါဒဖြန့်သတင်းဆောင်းပါးတွေ ထည့်သွင်းနိုင်ဖို့အတွက် ဆွန်နီဘာသာရေးပညာရှင်တွေကို လာဘ်ထိုးပြီး စည်းရုံးသိမ်းသွင်းခဲ့တယ်လို့ ဆိုပါတယ်။ "အီရတ်ပြည်သူတွေအပေါ်မှာ လွှမ်းမိုးမှုအရှိဆုံး ပုဂ္ဂိုလ်တွေကို တပည့်မွေးထားနိုင်ရင် အီရတ်ပြည်သူတွေကိုပါ အသာလေး အိတ်ကပ်ထဲထည့်ထားနိုင်ပြီလို့ ဆိုနိုင်ပါတယ်"လို့ ပင်တဂွန်စစ်ဌာနချုပ် အမှုထမ်းတစ်ဦးက The New York Timesသတင်းစာနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

စစ်အေးကာလတုန်းက အမေရိကန်အစိုးရအဆက်ဆက်ရဲ့ မီဒီယာကျူးကျော်စစ်ပွဲ ဆင်နွှဲမှုကို CIA က တာဝန်ခံလုပ်ဆောင်ခဲ့ပြီး နိုင်ငံအသီးသီးရဲ့ စာနယ်ဇင်းတွေမှာ အမေရိကန်ရဲ့ လူနေမှုစနစ်ကို အဲဒီနိုင်ငံက ပြည်သူတွေ သဘောကျလက်ခံလာအောင် ငွေကြေးပုံအောပြီး ထည့်သွင်းဖော်ပြခဲ့ပါတယ်။ အခု အီရတ်မှာလည်း အမေရိကန်တွေကို ကယ်တင်ရှင်ကြီးတွေသဖွယ် ယုံကြည်လက်ခံလာအောင် ပင်တဂွန်က ငွေလမ်းခင်းပြီးလုပ်ဆောင်နေတယ်လို့ ဆောင်းပါးတစ်ပုဒ်မှာ ဖတ်ရှုလိုက်ရပါတယ်။

ဒါဟာ ကမ္ဘာ့ပြည်သူများအကြားမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ အမေရိကန်ရဲ့ပုံရိပ် ကြမ်းပိုးကိုလိပ်ပြဖြစ်အောင် လုပ်ကြံဖန်တီးနေတာပါပဲ။ ဒါပေမယ့် ရှေ့ကဖုံး၊ နောက်ကပေါ်ဆိုသလိုပဲ အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က အီရတ်မီဒီယာတွေကို လာဘ်ထိုးပြီး သတင်းမှန်နဲ့ သတင်းမှားတွေ ရောထွေးဖော်ပြနေတာ၊ အမေရိကန်နိုင်ငံအတွင်းမှာ ဆက်သွယ်ရေးလုပ်ငန်းစနစ်တွေကို ဥပဒေမဲ့ကြားဖြတ်ခိုးယူ နားထောင်နေတာ၊ အကျဉ်းစခန်းတွေမှာ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်နေတာတွေဟာ ကမ္ဘာ့မီဒီယာလောကမှာ ပေါ်လောကြီး ပေါ်လျက်ရှိနေပါတယ်။

အခုလည်း အမေရိကန်အစိုးရ နိုင်ငံခြားရေးဌာနက ၂၀၀၅ ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာဆိုတာကို ထုတ်ပြန်ပြီး ကိုယ့်ကိုကိုယ်ဖော်မသူတော် လုပ်လိုက်ပြန်ပါတယ်။ သူများကို လက်ညှိုးတစ်ချောင်းထိုးရင် ကျန်တဲ့လက်ချောင်းလေးချောင်းက မိမိဘက်ကို ပြန်လှည့်တတ်တယ်ဆိုတဲ့အတိုင်းပဲ အမေရိကန်နိုင်ငံရဲ့ ဆိုးဝါးတဲ့ လူ့အခွင့်အရေးမှတ်တမ်းတွေကို ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ မီဒီယာတွေက ပြန်လည်ချေပ ဖော်ပြနေကြပါပြီ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ၁၉၉၀ ပြည့်နှစ် ကာလကတည်းက **"အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများအပေါ် တာဝန်မဲ့မှတ်ချက်များ ချပိုင်ခွင့်မရှိ၊ လူ့အခွင့်အရေးကိုဗန်းပြပြီး အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နေမှုများကို ရပ်တန်းကရပ်သင့်ပြီ။ လူ့အခွင့်အရေးဗန်းပြပြီး အခြားသောနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုကို ပြတ်ပြတ်သားသား ဆန့်ကျင်သည်"** လို့ တုံ့ပြန်ပြောကြားခဲ့ပါတယ်။

မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသာမိုဟာမက်ကလည်း "အမေရိကန်နိုင်ငံသည် အခြားနိုင်ငံများ၏ အခြေခံလူ့အခွင့်အရေးများကို အမြဲတမ်းချိုးဖောက်လျက်ရှိသည်။ မလေးရှားနိုင်ငံက ခံယူသော လူ့အခွင့်အရေးဆိုသည်မှာ လူအများစုကြီး၏ အခွင့်အရေးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်သည်"လို့ တုံ့ပြန်ဝေဖန်ခဲ့ပါတယ်။

ဒီနေရာမှာ ယနေ့မြန်မာနိုင်ငံကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းရေးအတွက် အသွင်ကူးပြောင်းရေး ကာလတစ်ရပ်ကို ဦးစီးဦးဆောင် အကောင်အထည်ဖော်ပေးနေတဲ့ တပ်မတော်အစိုးရရဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့စပ်လျဉ်းပြီး ထားရှိတဲ့မူဝါဒတွေကိုလည်း လေ့လာသိရှိသမျှ ဖော်ပြလိုပါတယ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံမှာ ကျင့်သုံးဖော်ဆောင်နေတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးစံနှုန်းတွေနဲ့ ပတ်သက်ပြီး အောက်ပါအတိုင်း အမှာစကားများ ပြောကြားထားပါတယ်–

* **အနောက်နိုင်ငံများ၏ လူ့အခွင့်အရေးစံနှုန်းများနှင့် ဒီမိုကရေစီစံနှုန်းများသည် မိမိတို့အာရှနိုင်ငံများ၏ စံနှုန်းနှင့်မတူညီကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ ဓလေ့စရိုက်အရ မိမိတို့နှင့်ကိုက်ညီသည့် လူ့အခွင့်အရေးစံနှုန်းများနှင့် ဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊**
* **တိုင်းရင်းသားပြည်သူများ၏ စားရေး၊ ဝတ်ရေး၊ နေရေးစသည့် အခြေအနေအရပ်ရပ်ကို ဖြည့်ဆည်းမပေးနိုင်လျှင် ဆိုရှယ်လစ်စနစ်ပဲဖြစ်ဖြစ်၊ ဒီမိုကရေစီစနစ်ပဲဖြစ်ဖြစ် အောင်မြင်မှာမဟုတ်ကြောင်း၊ အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးကို ဖြည့်ဆည်းပေးနိုင်သည့် စနစ်သည်သာ ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ကြောင်း၊**
* **ယနေ့ နိုင်ငံတကာအခြေအနေအရ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးကို အကြောင်းပြ၍ နိုင်ငံကြီးအချို့က နိုင်ငံငယ်များကို ဩဇာလွှမ်းမိုးရန် ကြိုးစားနေကြောင်း၊ အရှေ့တိုင်း ယဉ်ကျေးမှုနှင့် အနောက်တိုင်း ယဉ်ကျေးမှုသည် မည်သို့မျှ မတူညီနိုင်သဖြင့် ကျင့်သုံးဆောင်ရွက်မှု ပုံစံလည်း မတူညီနိုင်ကြောင်း၊ ယင်းသို့သော အခြေအနေ၌ မိမိတို့အနေဖြင့် အစစအရာရာ ကိုယ်ခံအားကောင်းအောင်၊ တိုင်းပြည် အားရှိအောင် ကြိုးစားရမှာဖြစ်ကြောင်း၊ မိမိနိုင်ငံတိုးတက်ရေးအတွက် မိမိကိုယ်ကို အားကိုးရမှာဖြစ်ကြောင်း၊ ကိုယ့်အားကိုယ်ကိုးခြင်းသည် အခြေခိုင်မာမှုရှိကြောင်း၊**
* **အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီဟူသည် တိုင်းပြည်၊ လူမျိုးစရိုက်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာအယူဝါဒများနှင့် လိုက်လျော ညီထွေဖြစ်ရန် လိုအပ်ပြီး ပုံတူကူးချ၍ မရနိုင်ကြောင်း၊**
* **လူတွေ၏ အသက်ရှင်နေထိုင်ရေးအတွက် စားဝတ်နေရေးသည် အခြေခံ အကျဆုံး လူ့အခွင့်အရေးဟုခံယူကြောင်း၊ အခြေခံလူ့အခွင့်အရေးများပြည့်စုံပြီးသည့်နောက် အပေါ်ယံလူ့အခွင့်အရေးများကို ပြန်လည် တည်ဆောက်ပေးရန် အခက်အခဲမရှိကြောင်း၊**
* **မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းတွင် တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုကို မြတ်နိုးခြင်းသည် အလွန်တန်ဖိုးရှိသည့် အရည်အသွေးတစ်ခုဖြစ်ကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းဟု ဆိုသည်နှင့် ကိုယ့်ဒေသကို မြတ်နိုးတွယ်တာခြင်း၊ ကိုယ့်အမျိုးအနွယ်ကို စောင့်ရှောက်ခြင်း၊ လူမျိုးဂုဏ်နှင့် ဇာတိဂုဏ်ကို အသက်ပေးကာကွယ်ခြင်းဟု အဓိပ္ပာယ် ရရှိကြောင်း၊ ဤအဓိပ္ပာယ် ရရှိကြောင်းကို မိမိတို့လူမျိုးများသည် ဘိုးဘွားလက်ထက်မှသည် သားစဉ်မြေးဆက် မပျက်မကွက် ထမ်းရွက်ခဲ့ပြီး သက်သေထူခဲ့ကြောင်း၊**
* **မိမိတို့မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို အတိတ်ကာလက လက်တွေ့ကျင့်သုံးခဲ့ရာတွင် အခက်အခဲများ၊ အကျဉ်းအကျပ်များ အကြိမ်ကြိမ်တွေ့ကြုံခံစားခဲ့ရပြီးဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးကတည်းက ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော်လည်း တိုင်းပြည် တည်ငြိမ်အေးချမ်းမှုမရှိသည်က တစ်ကြောင်း၊ ပြည်သူများ၏ စီးပွားရေးဘဝ မဖွံ့ဖြိုးမတိုးတက်သည်ကတစ်ကြောင်း တို့ကြောင့် ပါလီမန်ဒီမိုကရေစီသည် မျှော်မှန်းသလို မအောင်မြင်ဘဲ ပြည်ထောင်စု ပြိုကွဲလုဆဲဆဲအထိ အန္တရာယ်ကြီးမားခဲ့ကြောင်း၊**
* **အချို့သော အဆိုးမြင်ဝါဒီများ၊ နယ်ချဲ့အလိုတော်ရိများသည် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးလက္ခဏာ ချို့တဲ့ရှားပါးနေသူများပီပီ အရာရာကို နိုင်ငံခြားအထင်ကြီး၊ နိုင်ငံခြားကို ဆရာတင်၊ နိုင်ငံခြားဩဇာခံချင်နေကြသူများလည်း ရှိကြောင်း၊**
* **မျက်မှောက်ကာလတွင် ခိုင်မာသည်ဆိုသည့် အချို့သော ပြည်ထောင်စုနိုင်ငံများ အချိန်တိုအတွင်း ဖရိုဖရဲပြိုကွဲသွားပြီး အသက်အိုးအိမ်များ၊ ယဉ်ကျေးမှုများပါ ဆုံးရှုံးရခြင်း၊ သေကျေအနာတရဖြစ်ရခြင်း၊ စီးပွားရေး၊ လူမှုရေးဘဝများ ချွတ်ချုံကျ ပျက်စီးသွားရခြင်းများကို သင်ခန်းစာယူကြရန် လိုကြောင်း၊**
* **နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သည့် ပြည်သူများ၏ အခြေခံအကျိုးစီးပွားဖြစ်သည့် အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးနှင့်တကွ စားဝတ်နေရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုစသည့် လူ့အခွင့်အရေးများ အမှန်တကယ်ပြည့်စုံလာစေရန် ဆောင်ရွက်နေချိန်တွင် ပြည်တွင်းပြည်ပ အဖျက်သမားရန်ကိုလည်း မျက်ခြည်ပြတ်မခံဘဲ တော်လှန်ရေးသတိဖြင့် စောင့်ကြည့်ပြီး အလစ်အငိုက်မခံရစေရန် အမြဲတမ်း နိုးနိုးကြားကြား စည်းစည်းလုံးလုံးနေကြရန် လိုအပ်ကြောင်း**

အထက်ဖော်ပြပါလမ်းညွှန်မှာကြားချက်တွေဟာ ယနေ့မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနဲ့ လူ့အခွင့်အရေးဖော်ဆောင်ပေးနေမှုတွေရဲ့ အနှစ်သာရဖြစ်သလို နိုင်ငံတော်ရဲ့ မူဝါဒတွေဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။ နိုင်ငံတော်အစိုးရ(တပ်မတော်အစိုးရ)အနေနဲ့ အဲဒီမူဝါဒတွေ အကောင်အထည်ပေါ်အောင် ဘယ်လိုကြိုးပမ်းဆောင်ရွက်ပေးနေသလဲဆိုတာကို နောက်ဆောင်းပါးတွေမှာ အကျယ်တဝင့် လေ့လာဖော်ပြသွားမှာဖြစ်ပါတယ်။

ယနေ့ တိုင်းရင်းသားပြည်သူတွေရဲ့ တာဝန်တစ်ရပ်ကတော့ ဖြစ်ပျက်ပြောင်းလဲနေတဲ့ နိုင်ငံတကာရေးရာအခြေအနေနဲ့ မိမိတို့ရဲ့ ပြည်တွင်းရေးရာ အခြေအနေအရပ်ရပ်ကို မှန်ကန်စွာသုံးသပ်ဆင်ခြင်ပြီး မိမိတို့နိုင်ငံတော် အဓွန့်ရှည်ရေးနဲ့ ပြည်သူများရဲ့ဘဝသာယာဝပြောရေးကို ရှေးရှုကာ မျိုးချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ် အမြင့်မားဆုံး ထွန်းကား ပြန့်ပွားနေအောင် မွေးမြူသွားကြဖို့ပါပဲ။

ပိုပြီးထင်သာမြင်သာရှိအောင် မကြာခင်ကလေ့လာဖတ်ရှုလိုက်ရတဲ့ သတင်းစာဆရာ စာရေးဆရာလူထုဦးစိန်ဝင်းရဲ့ "စာနယ်ဇင်းနဲ့ တာဝန်သိမှု" ဆောင်းပါးမှ ကောက်နုတ်ဖော်ပြလိုပါတယ်။ ၂၃-၂-၂၀၀၆ ရက်နေ့ထုတ် NEWS WATCH ဂျာနယ်မှာ ဆရာလူထုဦးစိန်ဝင်းက အခုလိုရေးသား ဖော်ပြထားတာ ဖြစ်ပါတယ်။

အမေရိကန်အစိုးရက ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေးဆိုတာတွေကို ခုတုံးလုပ်အသုံးချနေတာဟာ တစ်ဖက်က ကိုလိုနီနယ်ချဲ့လက်သစ် ဘီလူးရုပ်ကိုဖုံးအုပ်ဖို့ မင်းသားခေါင်းဆောင်းပြီး ဟန်ရေးပြနေတာသာဖြစ်တယ်လို့ ကမ္ဘာ့နိုင်ငံအစိုးရများနဲ့ ကမ္ဘာ့ပြည်သူတွေက နောကျေအောင် သိနေကြပြီဖြစ်ပါတယ်။ အခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း ဝါဒဖြန့်ချိရေးနဲ့ စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲဆင်နွှဲပြီး အမျိုးသားသစ္စာဖောက် လူတွင်ကျယ်တတ်ယောင်ကားတွေကို တပည့်မွေး၊ ဆရာကြီးလုပ်နေတာ သိသာထင်ရှားလွန်းပါတယ်။

"ယနေ့ ကမ္ဘာတစ်ခုလုံးမှာ လွတ်လပ်ခွင့်ဆိုတဲ့ စကားတစ်လုံး တော်တော်တွင်ကျယ်နေပါတယ်။ အရှေ့တိုင်း လူ့အဖွဲ့အစည်းနဲ့ အနောက်တိုင်း လူ့အဖွဲ့အစည်းတို့အကြားမှာ ကွဲပြားခြားနားမှုတွေ အများကြီး ရှိပါတယ်။ ဓလေ့ထုံးစံတွေ ကွဲပြားကြတယ်၊ ယဉ်ကျေးမှုတွေ ကွဲပြားကြတယ်၊ နေထိုင်စားသောက်မှု ပုံစံတွေ ကွဲပြားကြတယ်၊ ယုံကြည်မှု အဘိဓမ္မာတွေ ကွဲပြားကြတယ်၊ အဲဒီလို မတူညီမှုတွေကို လျစ်လျူရှုပြီး တန်ဖိုးထားမှုစံနှုန်း တစ်မျိုးတည်းသတ်မှတ်လို့ မရပါဘူး။ မတူညီမှုတွေကိုလည်း လေးစားကြရမှာဖြစ်တယ်"

"အနိမ့်ဆုံးဥပမာတစ်ခုအဖြစ် မိသားစုပုံစံကိုပဲ လက်ညှိုးထိုးပြချင်တယ်။ အနောက်တိုင်းမိသားစုပုံစံက တစ်ဦးချင်းလွတ်လပ်ခွင့်နဲ့ တစ်ဦးချင်းတိုးတက်ခွင့် (Individual Freedom and Individual Wellbeing) ကို အဓိကထားတယ်။ အရှေ့တိုင်းမိသားစုပုံစံက တစ်ဦးချင်းအရေးထက် မိသားစုတစ်ခုလုံးအရေးကို အဓိကထား ဦးစားပေးပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုလုံးထက် ပုဂ္ဂလိကတစ်ဦးချင်းကို ဦးစားပေးလွန်းတဲ့ အနောက်တိုင်းလူ့အဖွဲ့အစည်းတွေမှာ ဆယ်ကျော်သက်ရွယ် ကိုယ်ဝန်ဆောင်မှုနှုန်းတွေ တစ်နှစ်ထက်တစ်နှစ် ပိုများလာတာ၊ အလယ်တန်းလောက်တောင် ပြီးဆုံးအောင် ပညာမသင်နိုင်တော့ဘဲ ကလေးအမေဖြစ်ပြီး လမ်းပေါ်က အလုပ်လက်မဲ့ဘဝရောက်သွားတာ၊ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုကြီးတွေ ကြောက်ခမန်းလိလိများနေတာ စတဲ့အချက်တွေကိုကြည့်ပြီး အနောက်တိုင်းလူနေမှုစနစ်က ပိုပြီးကောင်းတယ်လို့ မဆိုနိုင်ပါဘူး"

"လွတ်လပ်ခွင့်ဆိုတာ ထင်ရာစိုင်းခွင့်လိုင်စင် မဟုတ်ပါဘူး၊ လွတ်လပ်ခွင့်နဲ့ တာဝန်ယူမှုဟာ ဒွန်တွဲနေပါတယ်။ တကယ်တမ်းပြောကြမယ်ဆိုရင် ရာခိုင်နှုန်းပြည့် လွတ်လပ်ခွင့်ဆိုတာ ဘယ်မှာမှ မရှိပါဘူး၊ အနောက်တိုင်းနိုင်ငံ သတင်းစာကြီးတွေမှာလည်း သူတို့သတင်းစာကြီးတွေကိုပိုင်တဲ့ ကော်ပိုရေးရှင်းကြီးများရဲ့ ပိုင်ရှင်များက ချမှတ်ပေးတဲ့ဘောင်ထဲက လွတ်လပ်ခွင့်မျှသာဖြစ်ပါတယ်။ လောလောဆယ် အမေရိကန်သမ္မတ ဂျော့ဘုရှ်က စာတိုက်ကစာတွေ ဖောက်ဖတ်စစ်ဆေးခွင့်၊ တယ်လီဖုန်းလိုင်းတွေ ကြားဖြတ်ခိုးနားထောင်ခွင့်ဟာ မရှိမဖြစ်လိုအပ်နေတယ်လို့ ပြောဆိုနေတာကို ကြည့်ခြင်းအားဖြင့် ရာနှုန်းပြည့် လွတ်လပ်ခွင့်မရှိနိုင်ဘူးဆိုတာ သိနိုင်ပါတယ်" လို့ ရေးသားဖော်ပြထားပါတယ်။ ॥

21-3 (03).p65 1 1/3/32, 2:14 PM

နိုင်ငံခြား သတင်းများ

"သူတော်ကောင်းယောင်ဆောင်နေမှုနှင့်အလိမ်အညာတွေ တော်လောက်ပါပြီ"

"အမေရိကန်တပ်ဖွဲ့ဝင်တွေအားလုံး ချက်ချင်းပြန်လည်ရုပ်သိမ်း"

အီရတ်အား ကန်ကျူးကျော်သည့်သုံးနှစ်မြောက်နှစ်ပတ်လည်နေ့၌ကန့်ကွက်ဆန္ဒပြ

မက်ဒရစ်၊နယူးယောက်၊ဆိုးလ် မတ် ၂၀

၂၀၀၃ခုနှစ် မတ် ၂၀ရက်က အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအား ကျူးကျော်စစ် စတင်ဆင်နွှဲခဲ့သည့် သုံးနှစ်မြောက် နှစ်ပတ်လည်နေ့အဖြစ် ကမ္ဘာတစ်ဝန်း မြို့ကြီးများ၌ ကန့်ကွက်ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။

အီရတ်အား ကျူးကျော်သိမ်းပိုက်ထားသည့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအား အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကန့်ကွက်ဆန္ဒပြနေသည်ကို မတ် ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စပိန်နိုင်ငံ၌ ကန့်ကွက်ဆန္ဒပြ

စပိန်နိုင်ငံ ဘာဆီလိုနာဆိပ်ကမ်းမြို့၌ စနေနေ့က စပိန်ပြည်သူ ၅၀၀၀ ခန့်က လမ်းပေါ်ထွက် ဆန္ဒပြကြပြီး အီရတ်နှင့် ပါလက်စတိုင်းတို့ကို နိုင်ငံခြားတပ်များ ဝင်ရောက်ကျူးကျော်သိမ်းပိုက်မှု ရပ်တန်းက ရပ်ကြရန် တောင်းဆိုကြသည်။

ဆန္ဒပြစပိန်ပြည်သူတို့က ဂွမ်တာနာမိုပုံစံ ကမ္ဘာတစ်ဝန်းမှ အကျဉ်းစခန်းများကို ပိတ်ပစ်ရေး ကြွေးကြော်သံများ ဟစ်ကြွေးလျက် အမေရိကန် လျှို့ဝှက်အကျဉ်းစခန်းများကိုလည်း ပြစ်တင်ရှုတ်ချလိုက်သည်။

အမေရိကန် စီအိုင်အေအဖွဲ့အား စပိန်လေဆိပ်များ အသုံးချခွင့်ပေးထားခြင်းကို ရပ်ဆိုင်းရန်လည်း ဆန္ဒပြသမားများက စပိန်အစိုးရကို တိုက်တွန်းလိုက်သည်။

အမေရိကန်နိုင်ငံ၌ ကန့်ကွက်ဆန္ဒပြ

အလားတူပင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌လည်း စစ်ဆန့်ကျင်ရေးဆန္ဒပြသမား အင်အား ၁၀၀၀တို့က စနေနေ့တွင် တိုင်း(မ်)စကွဲယား၌ စုရုံးကြပြီး အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်အားလုံး ချက်ချင်းပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုကြသည်။

ဤဆန္ဒပြသမားများ၏ လူထုစည်းဝေးတွင် တစ်ယောက်ပြီး တစ်ယောက် ရင်ဖွင့်ပြောကြားရာ၌ သမ္မတဘုရှ်အစိုးရနှင့် အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက်ရှိနေခြင်းကို ပြစ်တင်ရှုတ်ချ ပြောဆိုကြသည်။

"သူတော်ကောင်းယောင်ဆောင်နေမှု တော်လောက်ပါပြီ"၊ "အလိမ်အညာတွေတော်လောက်ပါပြီ"၊ "မိမိတို့ အမေရိကန်တပ်ဖွဲ့ဝင်တွေ အခုပြန်ခေါ်"၊ "အီရတ်မှသည် ကိုရီးယား၊ ဖိလစ်ပိုင်အထိ ဖြန့်ကြက်သည့် အမေရိကန် စစ်ယန္တရား ရပ်စဲပစ်" စသည်ဖြင့် ကြွေးကြော်သည်။

နယူးယောက် လူထုဆန္ဒပြပွဲက အမေရိကန်တပ်ဖွဲ့အားလုံး ခြွင်းချက်မရှိ၊ ချက်ချင်းရုပ်သိမ်းရန် တောင်းဆိုလိုက်သည်။

ဆန္ဒပြသမားများသည် ညနေပိုင်းတွင် ဆန့်ကျင်ဆန္ဒပြ ကန့်ကွက်ရန်အတွက် ကုလသမဂ္ဂအဖွဲ့ကြီး တည်ရှိရာသို့ ချီတက်ခဲ့ကြသည်။

နယူးယောက်မြို့၌ ရက်သတ္တပတ်ကုန်တိုင်းတွင် နေ့ရာအနှံ့ စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများနှင့် လူထုစည်းဝေးများ ကျင်းပရန် စီစဉ်ထားသည်။ ထို့ပြင် တနင်္ဂနွေနေ့တွင် **"အမေရိကန်တပ်ဖွဲ့ဝင်အားလုံး ချက်ချင်းပြန်ခေါ်"**ဟူသော ပြဇာတ်ကိုလည်း တင်ဆက်လှုံ့ဆော်ခဲ့ကြသည်။

စစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို နယူးယောက်မြို့အနီးတစ်ဝိုက် ဒေသများ၊ မြို့ကြီး၊ မြို့ငယ်များတွင် ဆက်လက်ပြုလုပ်ခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့ ဟော်လီးဝုဒ်တွင်လည်း မတ်၁၈ရက် စနေနေ့က စစ်ဆန့်ကျင်ရေးဆန္ဒပြသမား ထောင်ပေါင်းများစွာက ချီတက်ဆန္ဒပြကြသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အီရတ်အား ကျူးကျော်သိမ်းပိုက်ထားသည့် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များအား ကန့်ကွက် ဆန္ဒပြနေသည်ကို မတ် ၁၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆန္ဒပြချီတက်ပွဲမစမီ လူထုစည်းဝေးပြုလုပ်စဉ် စစ်ကိုရပ်ပြီး လိုအပ်သည့်နေရာတွင် ငွေကိုသုံးရန် ဆော်ဩကြသည်။

"ရန်ပုံငွေမှာ စစ်ယန္တရားအတွက် မဟုတ်၊ ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဖြစ်" ဟူသော ကြွေးကြော်သံမှာ အဓိက ကြွေးကြော်သံတစ်ခု ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၌ ကန့်ကွက်ဆန္ဒပြ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှ လာသောသတင်းတစ်ရပ်တွင် စစ်ဆန့်ကျင်ရေးသမားများသည် တနင်္ဂနွေနေ့က လူထုစည်းဝေးပြုလုပ်ပြီး အီရတ်မှ တပ်ဖွဲ့ဝင်များ ပြန်ရုပ်သိမ်းရန် တောင်ကိုရီးယားအစိုးရကို တောင်းဆိုလိုက်သည်။

မတ်၂၀ရက် တနင်္လာနေ့တွင် ကျရောက်သည့် အီရတ်နိုင်ငံအား အမေရိကန် ဦးဆောင်သည့် နိုင်ငံခြားတပ်များ ကျူးကျော်သိမ်းပိုက်သည့် တတိယအကြိမ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် တောင်ကိုရီးယား ပြည်သူများက ယင်းသို့ စစ်ဆန့်ကျင်ရေး ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

ကျူးကျော်ပြီး သုံးနှစ်ကြာခဲ့ပြီဖြစ်သော်လည်း အီရတ်နိုင်ငံမှာ ဒီမိုကရေစီနှင့် လွတ်လပ်ရေး မရရှိသေးကြောင်း ဆန္ဒပြသမားများက ကြေညာချက် ထုတ်ပြန်ကာ ထောက်ပြလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်အား ကျူးကျော်သိမ်းပိုက်ထားသည့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအား စပိန်နိုင်ငံ ဘာဆီလိုနာမြို့တွင် ကန့်ကွက်ဆန္ဒပြနေသည်ကို မတ် ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲကြောင့် ဘုရှ်အပေါ်ထောက်ခံမှုကျဆင်း အမေရိကန်နှင့်အပေါင်းပါတို့ သေဆုံးမှုများပြားလာ အီရတ်ပြည်သူ ၃၇၀၀၀ ကျော်သေဆုံးခဲ့ရ

ဝါရှင်တန် မတ် ၂၀

အမေရိကန်နှင့်အပေါင်းပါတပ်များ အီရတ်အားကျူးကျော်စစ်ဆင်နွှဲခဲ့သည့် သုံးနှစ်မြောက် နှစ်ပတ်လည်နေ့ရောက်ချိန်တွင် သေဆုံးမှုအရေအတွက် များပြားလာပြီး သမ္မတဘုရှ်အပေါ်ထောက်ခံမှု ကျဆင်းခဲ့သည်။

အီရတ်စစ်ပွဲနှင့်ပတ်သက်သည့် ကိန်းဂဏန်းများကို ဖော်ပြရာတွင် အမေရိကန်သမ္မတဘုရှ်သည် အီရတ်စစ်ပွဲကို ဆင်နွှဲခဲ့မှုကြောင့် ပြီးခဲ့သည့် ၂၀၀၅ ခုနှစ် နိုဝင်ဘာလက ပြည်သူတို့၏ ထောက်ခံမှု ၃၆ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း နယူးဝိခ်မဂ္ဂဇင်းက ကောက်ယူသော စစ်တမ်း၌ ဖော်ပြထားသည်။

ဒုတိယအကြိမ် စစ်တမ်းကောက်ယူမှုတွင် ဘုရှ်အားဆန့်ကျင်သူ ၆၅ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသည်။

အီရတ်စစ်ပွဲ သုံးနှစ်တာကာလတွင် အီရတ်ပြည်သူများ သေဆုံးခဲ့ရမှုနှင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသေဆုံးမှု အရေအတွက်ကို အောက်ပါဇယားတွင် တွေ့ရှိနိုင်ပါသည်။

(အင်တာနက်)

အကြောင်းအရာ	သေဆုံးမှုအရေအတွက်
အီရတ်ပြည်သူ	၃၇၇၉၅
အီရတ်ရဲတပ်ဖွဲ့ဝင်	၁၉၁၄
အမေရိကန်တပ်ဖွဲ့ဝင်	၂၃၁၈
ဗြိတိသျှတပ်ဖွဲ့ဝင်	၁၀၃
အခြားနိုင်ငံများမှတပ်ဖွဲ့ဝင်	၁၀၄

ဂျီအမ် ကားကုမ္ပဏီ ခန့်မှန်းသည်ထက် ပို၍အရှုံးပေါ်နေ

နယူးယောက် မတ် ၂၀

အမေရိကန်နိုင်ငံ၏ ကားအများဆုံးထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သော ဂျီအမ် ကုမ္ပဏီသည် ယမန်နှစ်က အရှုံးပေါ်ခဲ့ရာ ဒေါ်လာ နှစ်ဘီလီယံဖိုးရှိသည်ဆိုသည်မှာ မှားယွင်းနေပြီး ၎င်းပမာဏထက်ပို၍ အရှုံးပေါ်ခဲ့ကြောင်း အဆိုပါကုမ္ပဏီက မတ် ၁၇ရက်၌ ကြေညာသည်။

အဆိုပါ ကုမ္ပဏီ၏ ယမန်နှစ်က အမှန်တကယ်အရှုံးပေါ်မှုမှာ ဒေါ်လာ ၁၀ဒသမ ၆ဘီလီယံဖိုးရှိကြောင်း၊ ဒေါ်လာ နှစ်ဘီလီယံရှိသည်ဆိုခြင်းမှာ မှားယွင်းစွာ ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။ ၂၀၀၅ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို ထုတ်ပြန်ရန် နှောင့်နှေးနေသဖြင့် ယခုသတင်းအမှန်ကို ထုတ်ပြန်ရန် နောက်ကျခဲ့ရကြောင်း ဂျီအမ်ကုမ္ပဏီက ပြောကြားသည်။

အရှုံးပေါ်ခဲ့ရ

အဆိုပါကုမ္ပဏီက ၂၀၀၀ပြည့်နှစ်မှ ၂၀၀၄ခုနှစ်အထိ အလားတူ စာရင်းမှားများကို ပြုပြင်သွားမည်ဟု ပြောကြားသည်။ ယခုအခါ အာရှမှထုတ်လုပ်သော ကားများသည် ကမ္ဘာ့ဈေးကွက်ကို ခွဲဝေယူလာမှုကြောင့် ဥရောပကားများ အရောင်းကျဆင်းကာ အရှုံးပေါ်ခဲ့ရခြင်းဖြစ်သည်။

ခွဲဝေနေရာယူ

အာရှမှ ဂျပန်၊ တရုတ်နှင့်တောင်ကိုရီးယားနိုင်ငံတို့သည် ကားအများဆုံး ထုတ်လုပ်တင်ပို့ရောင်းချသည့် နိုင်ငံများဖြစ်သည်။ ယင်းနိုင်ငံများမှ ထုတ်လုပ်သော ကားများသည် နည်းပညာပိုင်းနှင့် ကုန်ကျစရိတ်သက်သာသဖြင့် ဥရောပတွင် လူကြိုက်များလာကာ ကမ္ဘာ့ဈေးကွက်ကို ခွဲဝေနေရာယူလာကြသည်။ **(အင်တာနက်)**

ဂျီအမ်ကားထုတ်လုပ်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

နိုင်ငံခြားက သတင်းများ

ပစိဖိတ် ကျွန်းတစ်ကျွန်းပေါ်၌ မီးတောင်ပေါက်ကွဲမှုနှင့် ငလျင်လှုပ်မှုဖြစ်ပွား

ဝယ်လင်တန် မတ် ၂၀

ပစိဖိတ်ကျွန်းတစ်ကျွန်းပေါ်ရှိ မီးတောင်တစ်ခု မတ် ၁၇ရက်က ပေါက်ကွဲခဲ့ပြီးနောက် နယူးဇီလန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အလုပ်သမားများက လူများစွာကို ပြောင်းရွှေ့ပေးခဲ့ရကြောင်း ၎င်းတို့က ပြောကြားသည်။

ပေါက်ကွဲထွက်

မီးတောင်မှ ရေခိုးရေငွေ့များ၊ ပြာများ ပေါက်ကွဲထွက်လာကာ ကျွန်းပေါ်ရှိ ရေကန်မှ ရွှံ့များ အန်ထွက်လာခဲ့ပြီးနောက် ကာမာဒက်ကျွန်းစုရှိ ရာအိုလ်ကျွန်းသို့ ရဟတ်ယာဉ်တစ်စင်း စေလွှတ်ခဲ့ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနက ပြောကြားသည်။

အလုပ်လုပ်ကိုင်

သဘာဝအရင်းအမြစ်များရှိသည့် နေရာများအနက် တစ်ခုဖြစ်ပြီး နယူးဇီလန်နိုင်ငံ၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၀၀၀ခန့် (မိုင် ၆၀၀) တွင် တည်ရှိသော အဆိုပါကျွန်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အလုပ်သမား ခြောက်ဦး အလုပ်လုပ်ကိုင်လျက်ရှိသည်။

အဆိုပါအဖွဲ့က ရေကန်မှ ရေအပူချိန်ကို စစ်ဆေးစဉ်အတွင်း အမှုထမ်းတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဌာနက ပြောကြားသည်။

အဆိုပါကျွန်းတွင် မီးတောင်ပေါက်ကွဲမှုနှင့် တစ်ချိန်တည်းမှာပင် ရစ်ချ်တာစကေး သုံးနှင့်လေးအကြားရှိ ငလျင်တစ်ခုလှုပ်ခဲ့သည်။

ငလျင်ရပ်ဝန်း

ကာမာဒက်ကျွန်းစုများသည် မီးတောင်ကျွန်းစုများအဖြစ် ကီလိုမီတာ ၂၅၀ခန့်(မိုင် ၁၆၀)ရှည်လျားစွာ တည်ရှိပြီး ပစိဖိတ်နှင့် အင်ဒိုဩစတြေးလျ လွှာထုဆုံရာဒေသ ဖြစ်ကာ မြေငလျင်ရပ်ဝန်းတစ်ခုလည်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

စပိန်နိုင်ငံ၌ မာဖီးယားဂိုဏ်းအား ဖမ်းဆီးအရေးယူ

မက်ဒရစ် မတ် ၂၀

စပိန်ရဲတပ်ဖွဲ့သည် နိုင်ငံခြားသား ရာဇဝတ်ပြစ်မှုကျူးလွန်သူများ တိုက်ခိုက်နှိမ်နင်းရေး၏ အကြီးမားဆုံး စစ်ဆင်ရေးတစ်ရပ်အဖြစ် ရှိမေးနီးယား လူမျိုး ၃၀၀နီးပါးပါဝင်သော မာဖီးယားဂိုဏ်းကို ဖမ်းဆီးခဲ့သည်။

ဖွဲ့စည်းလုပ်ဆောင်

ယင်းမာဖီးယားဂိုဏ်းကို တာလာနူဟု နာမည်ကျော်ကြားသော ခေါင်းဆောင်တစ်ဦးက များစွာသော ၎င်းလက်ထောက်များဖြင့် ဖွဲ့စည်းလုပ်ဆောင်ခဲ့သည်။ စပိန်နိုင်ငံ၏ ဒေသ ၁၇ခုထဲမှ ရှစ်ဒေသတွင် လှုပ်ရှားလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက မတ် ၁၇ ရက်၌ ပြောကြားသည်။

ယင်းမာဖီးယားဂိုဏ်းအား ဓားပြတိုက်ခြင်း၊ ခရက်ဒစ်ကတ်များကို လိမ်လည်အတုပြုလုပ်၍ အသုံးပြုခြင်း၊ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်ခြင်း၊ စာရွက်စာတမ်း အထောက်အထားများကို လိမ်လည်အတုပြုလုပ်ခြင်း၊ လက်နက်များမှောင်ခိုရောင်းဝယ်ခြင်း၊ ပြည့်တန်ဆာလုပ်ငန်းနှင့် အလုပ်သမားများအခွင့်အရေးကို ချိုးဖောက်ခြင်း စသည့် ပြစ်မှုများဖြင့် တရားစွဲဆိုထားသည်ဟု ပြည်ထဲရေးဝန်ကြီး အယ်လွန်ဆိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရှေးခေတ် ကျောက်စိမ်းလက်ကောက်



လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ကျောက်စိမ်းလက်ကောက်တစ်စုံကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါ ကျောက်စိမ်း လက်ကောက်ကို တရုတ်နိုင်ငံတွင် ရှာဖွေတွေ့ရှိရခြင်းဖြစ်ပြီး ဟန်မင်းဆက်က အသုံးပြုခဲ့သော ကျောက်စိမ်းလက်ကောက်ဖြစ်သည်။ ကျောက်စိမ်းလက်ကောက်၏ အတွင်းဘက် အချင်းမှာ ၆၅မီလီမီတာရှိပြီး လှပသေသပ်သော လက်ရာများဖြင့် မွမ်းမံပြုလုပ်ထားကြောင်း သိရသည်။ **(အင်တာနက်)**

နှစ်ပေါင်း ၂၀၀၀ခန့်က ဘက်ထရီအိုး



လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ခန့်က ဘက်ထရီအိုးတစ်လုံးကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါ ရှေးဟောင်းပစ္စည်းကို အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီးတွင် ရှာဖွေတွေ့ရှိရခြင်းဖြစ်ပြီး မြေကြီးဖြင့် ပြုလုပ်ထားသော အိုးပုံစံတစ်ခုဖြစ်ကာ အတွင်း၌ ကြေးဖြင့်ပြုလုပ်ထားသည့် စလင်ဒါပုံ တစ်ခုပါရှိသည်။ ၎င်းကြေးဆလင်ဒါကို အပေါ်မှ နိုင်လွန်များဖြင့် ပြုလုပ်ထားသော အစို့တစ်ခုဖြင့် ဖုံးအုပ်ထားသည်။ သုတေသန ပညာရှင်များက ၎င်းပစ္စည်းသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်က ပြုလုပ်ခဲ့သော ပစ္စည်းဖြစ်ပြီး ရှေးခေတ်လူသားတို့ ဘက်ထရီအိုးသဖွယ် အသုံးပြုခဲ့သည့် ပစ္စည်းဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

အမျိုးသားများထက် အမျိုးသမီးများ၌ ပန်းနာရောဂါ ပိုမိုဖြစ်ပွားနိုင်

နယူးယောက် မတ် ၂၀

ခန္ဓာကိုယ်အဆီကြောင့် လှုံ့ဆော် ပေါင်းစပ်ထုတ်လုပ်လိုက်သည့် လက်ပတင်ဓာတ် မြင့်မားမှုအဆင့်သည် ဓမ္မတာကြိုတင်ပြီးဆုံးသည့် အမျိုးသမီးများတွင် ပန်းနာရောဂါ ဖြစ်ပွားမှုများနိုင်ကြောင်း သုတေသနသစ် တစ်ရပ်တွင် ဖော်ပြပါရှိသည်။

ပိုမိုများပြား

တတိယအကြိမ် အမျိုးသား ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ လေ့လာရေးအဖွဲ့က လူ ၅၈၇၆ ဦးကို သုတေသနပြုခဲ့ရာတွင် လက်ပတင်အဆင့်သည် အရွယ်ရောက်ပြီးသူများတွင်လည်း အပြန်အလှန်အားဖြင့် ရှိနေကြောင်း တွေ့ရှိခဲ့ကြသည်။ အဆိုပါ နီးနွယ်ဆက်စပ်မှုသည် အမျိုးသားများထက် အမျိုးသမီးများက ပိုမိုများပြားပြီး ဓမ္မတာကြိုတင်ပြီးဆုံးသည့် အမျိုးသမီးများမှာ နောက်ကျမှ ပြီးဆုံးသည့် အမျိုးသမီးများထက် ပိုမိုများပြားကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အမျိုးသားများထက် အမျိုးသမီးများသည် ပန်းနာရင်ကျပ်ရောဂါ ပိုမိုဖြစ်ပွားနိုင်သည်။

ရှင်းလင်းဖော်ပြ

အရပ်မြင့်မားမှုနှင့်နွယ်သည့် အလေးချိန် အတိုင်းအတာသည်လည်း ပန်းနာရောဂါနှင့် တိုက်ရိုက်ဆက်နွယ်လျက်ရှိပြီး လက်ပတင်အဆင့်ကမူ အနည်းငယ်သာ သက်ရောက်မှုရှိကြောင်း သုတေသနအဖွဲ့က ဆေးဂျာနယ်တွင် ရေးသားဖော်ပြသည်။

အလွန်ဝသောသူများရှိ ပန်းနာရောဂါတွင် များပြားသည့် လက်ပတင်အဆင့်ရှိမည်ဟု ထင်ရသော်လည်း အနည်းငယ်သာ သက်ရောက်မှု ရှိသည်ဟု အံ့သြစွာ တွေ့ရှိရကြောင်း စူးစမ်းလေ့လာချက်၌ ရှင်းလင်းဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်မြေတွင် ကန်နှင့်ဆွေးနွေးရန် အီရန်အသင့်ရှိဟုဆို

တီဟီရန် မတ် ၂၀

အီရန်နိုင်ငံက အီရတ်မြေပေါ်တွင် အမေရိကန်နိုင်ငံနှင့် ဆွေးနွေးရန်ဆန္ဒရှိကြောင်း ထိပ်တန်းတာဝန်ရှိသူတစ်ဦးက မတ် ၁၆ရက်၌ ပြောကြားလိုက်သည်။

မိမိတို့သည် ယင်းကမ်းလှမ်းချက်ကိုလက်ခံပြီး မကြာမီစေ့စပ်ဆွေးနွေးရေးအဖွဲ့တစ်ဖွဲ့ကို ရွေးချယ်မည်ဖြစ်ကြောင်း အီရန်အမျိုးသား လုံခြုံရေးကောင်စီ အကြီးအကဲ အလီလာရီဂျာနီက အီရတ်ခေါင်းဆောင် အဗ္ဗဒူလ်အဇစ်အယ်ဟာကင်၏ အီရတ်မြေတွင်ဝါရှင်တန်နှင့် အီရန်ဆွေးနွေးရန် ဆော်ဩမှုကိုတုံ့ပြန်လျက် သတင်းထောက်များအား ပြောကြားလိုက်သည်။

အမေရိကန်တပ်များ အီရတ်မှရုပ်သိမ်းခြင်းမတိုင်မီ တီဟီရန်က ဆွေးနွေးမှုများကို စိတ်မဝင်စားကြောင်း ယခင်က အီရန်တာဝန်ရှိသူများက ပြောကြားထားသည်။ အီရန်အားအီရတ်နိုင်ငံအတွင်းသို့ နယ်စပ်မှတစ်ဆင့်လက်နက်နှင့် အကြမ်းဖက်မှုများ ထောက်ပံ့ပေးနေမှုကြောင့် အီရတ်တွင် ပြည်တွင်းစစ်ဖြစ်ပွားမှု၊ ခြိမ်းခြောက်ခြင်းများ မြင့်မားလာကြောင်း အမေရိကန်က စွပ်စွဲလိုက်သည်။ အမေရိကန်၏ ယင်းစွပ်စွဲချက်ကို အီရန်ကငြင်းဆိုထားသည်။

အမ်အင်အေ၊ရိုက်တာ

ရှမ်းပြည်နယ် (မြောက်ပိုင်း) အပါအဝင် ပြည်နယ်၊ တိုင်းအားလုံး တစ်ပြိုင်တည်းမျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့် လေ့လာဆန်းစစ်ပြီး အမြဲကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ

■ ရှေ့ဖုံးမှ

ကိုလိုနီအမွေဆိုး

ပြည်နယ်အတွင်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အဓိက ဆောင်ရွက်ရလျက်ရှိသော ကိုလိုနီအမွေဆိုးတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းတာဝန်အဖြစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ သံလွင်အရှေ့ခြမ်းဒေသ၌ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ လူသားအားလုံးအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် မူးယစ်ဆေးဝါးကို ပြည်နယ်အတွင်း လုံးဝကင်းစင်ပပျောက်သည်အထိ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပဏာမတင်ပြပြီး ပြည်နယ်၏ အကျယ်အဝန်း၊ လူဦးရေ၊ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ မြေယာအသုံးချနိုင်မှုများ၊ ဒေသဝမ်းစာစပါး ဖူလုံပိုလျှံမှုများ၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးလှကြီးက စပါး၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်း အပါအဝင် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုများကိုလည်းကောင်း၊ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်းက ပြည်နယ်အတွင်းရှိ ဆေးရုံများ၊ ဆေးပေးခန်းများ အခြေအနေ၊ ပြည်သူများအား ကျန်းမာရေး ပြုစုစောင့်ရှောက်ပေးမှုများ၊ ဆေးရုံအလိုက် ဆေးပဒေသာပင်စိုက်ထူထားမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးမြတ်ထွတ်က ပြည်နယ်အတွင်း အဆင့်မြင့်ပညာ၊ အခြေခံပညာများ သင်ယူနိုင်မှုအခွင့်အလမ်းများ ကျယ်ပြန့်လာမှု၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူး ဦးကျော်မင်းသိန်းက ပြည်နယ်အတွင်း လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက နိုင်ငံတော်၏ ပို့ကုန်/သွင်းကုန် ပမာဏတိုးတက်မြင့်မားလာမှုများ၊ ပို့ကုန်ပမာဏများပြားမှုကြောင့် ပိုငွေပြမှုများ၊ မူဆယ်နယ်စပ်ဒေသ ကုန်သွယ်ရေးလုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဝိုင်းဝန်းပါဝင်

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိုင်ငံသူ နိုင်ငံသားများ၏ အသားငါးစားသုံးမှု အခြေအနေများ၊ မွေးမြူရေးလုပ်ငန်း တိုးတက်ဖြစ်ထွန်းလာမှုများ၊ လက်ငင်းကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေ၊ ကာကွယ်ဟန့်တားရန်စီစဉ်ထားမှုများ၊ ဒေသအလိုက် ပြည်သူများအပိုင်းက ဝိုင်းဝန်းပါဝင်ရန်လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ပူးပေါင်းနေထိုင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းခုနစ်တိုင်း၊ ပြည်နယ်ခုနစ်ပြည်နယ်တို့ဖြင့် ဖွဲ့စည်းထူထောင်ထားသည့် မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံ၌ ရှမ်းပြည်နယ်သည် ပြည်နယ်များအနက် ဧရိယာအကျယ်ဆုံး၊ လူဦးရေအများဆုံး ပြည်နယ်ဖြစ်ကြောင်း၊ လူဦးရေ ငါးသန်းကျော်ရှိပြီး ရှမ်း၊ ဗမာ၊ ကချင်၊ ကိုးကန့်၊ တောင်ရိုး၊ ဓနု၊ ပလောင်၊ ပအိုဝ်း၊ 'ဝ'၊ လီဆူး၊ အင်းသား၊ ကော၊ ပဒေါင် စသည့် တိုင်းရင်းသားမျိုးစု ၄၀ကျော် အတူတကွ ပူးပေါင်းနေထိုင်နေကြသော ပြည်ထောင်စုငယ်တစ်ခုကဲ့သို့ အသွင်ရှိနေသည့် ဒေသဖြစ်ကြောင်း။

အလှမ်းဝေးခဲ့

ဤကဲ့သို့ များပြားစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ တိုးတက်ဖွံ့ဖြိုးရေး၊ ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်းမြှင့်တင်ရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေကောင်းမွန်ရေး၊ တိုင်းရင်းသား ချစ်ကြည်ရင်းနှီးရေးတို့အတွက် ကိုလိုနီကျွန်ဘဝမှသည် ခေတ်အဆက်ဆက် ပြောင်းလဲသွားခဲ့သည်အထိ တာဝန်ယူသည့်သူများအပိုင်းက မလုပ်ခဲ့ မကိုင်ခဲ့သည့်အတွက် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးသည် အလှမ်းဝေးခဲ့ရသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ထို့ပြင် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်မှုများနှင့်ရော၊ ပြည်ပကူမင်တန်လက်နက်ကိုင် ကျူးကျော်မှုနှင့်ပါ ပေါင်းစပ်မိသည့်အခါ ရှမ်းပြည်နယ်သူ၊ ပြည်နယ်သားများသည် အမျိုးမျိုးသော လက်နက်ကိုင်သောင်းကျန်းမှုများ၏ ဒဏ်ကို ခါးသီးနာကျင်စွာ နှစ်ရှည်ခံစားခဲ့ကြရကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ရှမ်းပြည်နယ်တွင် ယခင်က သောင်းကျန်းသူများပြားပြီး နယ်မြေလုံခြုံ တည်ငြိမ်အေးချမ်းမှု မရှိခဲ့ခြင်းကြောင့် ဒေသရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်တို့မှာ အလွန်ပင် ခေတ်နောက်ကျကျန်ခဲ့ရကြောင်း"၊ ထို့ကြောင့် မိမိတို့လက်ထက်တွင် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု မြန်မြန်ဆန်ဆန်ရရှိအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း"** ဖြင့် ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ စေတနာကို ၂၀၀၂ခုနှစ် ရှမ်းပြည်နယ်ခရီးစဉ်တွင် မိန့်ကြားလမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားပြီးနောက် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

အပြိုင်အဆိုင်တိုးတက်ဖွံ့ဖြိုး

လက်တွေ့တွင်လည်း နိုင်ငံတော်သည် ရှမ်းပြည်နယ်တစ်ခုလုံး၏ အချက်အချာဒေသအားလုံး ကွက်ပြည့်တစ်ပြိုင်တည်း ဖွံ့ဖြိုးလာရေးအတွက် တောင်ကြီးဒေသအပြင် လားရှိုးဒေသ၊ ကျိုင်းတုံဒေသနှင့် ပင်လုံဒေသတို့ကို ဖွံ့ဖြိုးရေးဒေသများအဖြစ် တိုးချဲ့ထူထောင်ပေးပြီး သက်ဆိုင်ရာတိုင်း၊ နယ်မြေအလိုက် တိုင်းမှူးအသီးသီးကလည်း အနီးကပ် တာဝန်ရှိရှိ တွန်းအားပေးခြင်း၊ ကြပ်မတ်ခြင်း၊ ပံ့ပိုးအထောက်အကူပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည့်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (အရှေ့ပိုင်း)၊ (တောင်ပိုင်း)တို့သည် အပြိုင်အဆိုင် တိုးတက်ဖွံ့ဖြိုးလာလျက်ရှိသည်မှာ လက်တွေ့မျက်မြင်ပင်ဖြစ်ကြောင်း။

တစ်ဖက်မှလည်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုရရှိအောင် ကြိုးပမ်းတည်ဆောက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ငြိမ်းချမ်းသည့် နိုင်ငံရေးလမ်းစဉ်ဘောင်အတွင်း ရောက်ရှိလာကြပြီး ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် လက်တွဲပူးပေါင်းလာကြသည်မှာ ဆယ်စုနှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ ပြည်နယ်အတွင်း၌ လုံခြုံမှု၊ ငြိမ်းချမ်းမှုရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့၊ ပိုမိုဇောက်ချလုပ်ကိုင်လာနိုင်ခြင်း ဖြစ်ကြောင်း။

အခြေခံသော့ချက်

တစ်နည်းအားဖြင့်ဆိုရလျှင် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် နားလည်စာနာမှု၊ ကူညီရိုင်းပင်းမှုနှင့် ညီညွတ်မှုတို့သည် လုပ်ငန်းအားလုံး အောင်မြင်ရေး၏ အခြေခံသော့ချက်ဖြစ်သည်ဆိုခြင်းကို ပြဆိုလျက်ရှိကြောင်း။

ထို့ကြောင့် ယနေ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး မူဝါဒအရ လက်နက်ကိုင်ဆန့်ကျင်မှုများ ပျောက်ကွယ်လုနီးပါးရှိလာသည်နှင့်အမျှ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်နေကြသည့် တိုင်းရင်းသားလူမျိုး ညီအစ်ကိုမောင်နှမများအကြား ဆူကြုံနိမ့်မြင့်ကွာဟမှု နည်းနိုင်သမျှနည်းစေရေး၊ အဖြစ်နိုင်ဆုံး တိုင်းရင်းသားလူမျိုးများ မြန်မြန်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငွေကြေးသန်းပေါင်း ထောင်သောင်းချီသုံးစွဲပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတိုးချ ထူထောင်ပေးနေခြင်းဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုးများနေထိုင်သည့် နယ်စပ်ဒေသများ၌ပါ စားဝတ်နေရေးပြေလည်အောင်၊ လူမှုရေးဖွံ့ဖြိုးတိုးတက်လာအောင်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာအောင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဖြင့် ကြိုးပမ်းထူထောင်ပေးလျက်ရှိကြောင်း၊ အကြမ်းဖျဉ်းအားဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ယနေ့အထိသုံးစွဲခဲ့သည့် ငွေကြေးပမာဏသည် ကျပ်သန်း ၇၅၀၀၀နီးပါးခန့် ရှိပြီးဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁

ဖွံ့ဖြိုးရေးလုပ်ငန်းများ အတိုးချထူထောင်ပေးနေ

❑ **ယနေ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး မူဝါဒအရ လက်နက်ကိုင်ဆန့်ကျင်မှုများ ပျောက်ကွယ်လုနီးပါးရှိလာသည်နှင့်အမျှ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်နေကြသည့် တိုင်းရင်းသားလူမျိုး ညီအစ်ကိုမောင်နှမများအကြား ဆူကြုံနိမ့်မြင့်ကွာဟမှု နည်းနိုင်သမျှနည်းစေရေး၊ အဖြစ်နိုင်ဆုံး တိုင်းရင်းသားလူမျိုးများ မြန်မြန် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငွေကြေးသန်းပေါင်းထောင်သောင်းချီသုံးစွဲပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတိုးချ ထူထောင်ပေးနေခြင်းဖြစ်။**

စာမျက်နှာ ၆ မှ

ပြုစုပျိုးထောင်

ဖွံ့ဖြိုးရေးဒေသ၂၄ခုဆိုင်ရာစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်များဖြင့် လွှမ်းခြုံနေသည့် ယနေ့ ရှမ်းပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်သည့်အတွက် ငြိမ်းချမ်းတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရေရှည်ခိုင်ခံ့အောင် ပြုစုပျိုးထောင်သွားကြရန် လိုအပ်သကဲ့သို့ ကာကွယ်ထိန်းသိမ်းသွားကြရန်လည်း ပြည်ထောင်စုသားတိုင်း၊ နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် နိုင်ငံသားတိုင်းတွင် တာဝန်အသီးသီး ရှိကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အပါအဝင် ပြည်နယ်၊ တိုင်းအားလုံး တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့် လေ့လာဆန်းစစ်ပြီး အမြဲကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ ထို့ကြောင့်လည်း ရှမ်းပြည်နယ် တိုးတက်နေသကဲ့သို့ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်စသည့် ပြည်နယ်များရော၊ တိုင်းများပါ တောင်ပေါ်မြေပြန့်အားလုံး တိုးတက်ဖွံ့ဖြိုးလာနေပြီဖြစ်ကြောင်း။

တက်ညီလက်ညီဆောင်ရွက်

ယခုကဲ့သို့ နိုင်ငံတော်ကြီးဘက်စုံ၊ ဒေသစုံမှ ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တစ်နေ့တစ်ရက်တည်း တည်ဆောက်၍မရဘဲ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ညီညီညွတ်ညွတ် ပူးပေါင်းအားထည့် အလုပ်လုပ်ပြီး တည်ဆောက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံ၏ အခြေအနေ၊ မိမိတို့တိုင်းရင်းသားလူမျိုးတို့၏ဘဝကို နားမလည်ဘဲ မိမိတို့နိုင်ငံကို စိုးမိုးခြယ်လှယ်ပြီး ရပ်သေးရပ်လို ကြိုးကိုင်အသုံးချနိုင်ရန် ကြိုးပမ်းနေကြသည့် နိုင်ငံကြီးအချို့၏ ပိတ်ဆို့ကန့်သတ်တားဆီးမှုများကြောင့် နိုင်ငံခြားအကူအညီ အထောက်အပံ့မရဘဲ ကိုယ့်ခွန်ကိုယ့်အားဖြင့်ပင် နိုင်ငံတော်ကြီးကို ကြိုးပမ်းတည်ဆောက်နေချိန်တွင် အားလုံးတက်ညီလက်ညီ ဦးထမ်းပဲ့ထမ်း ဆောင်ရွက်ကြရန် အရေးကြီးကြောင်း။

ဤကဲ့သို့ တိုင်းရင်းသားလူမျိုးအားလုံး၊ နိုင်ငံ့ဝန်ထမ်းအားလုံး တက်ညီလက်ညီ ကြိုးစားပမ်းစား တည်ဆောက်လုပ်ကိုင်နိုင်သည့် အမျိုးသားရေးစွမ်းအားများကြောင့်လည်း နိုင်ငံတော်သည် ဘက်စုံမှ ထင်ရှားသည့် တိုးတက်အောင်မြင်မှုများ ဆက်တိုက်ရရှိနေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းကို ပြန်ကြည့်လျှင် မိမိတို့ တိုင်းရင်းသားလူမျိုး ညီအစ်ကိုများသည် ရှေးပဝေသဏီကတည်းက ပြည်ထောင်စုကြီး၏ နေရာဒေသအနှံ့၌ လက်ရည်တစ်ပြင်တည်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး အတူပူးပေါင်းနေထိုင်ခဲ့ကြခြင်းဖြစ်သည့်အတွက် ထိုစဉ်ကတည်းကပင် မိမိတို့၌ အေးအတူ၊ ပူအမျှ၊ ဥမကွဲသိုက်မပျက် ဆိုသည့် အမျိုးစောင့်တရားရှိပြီးဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တိုင်းရင်းသားများအတွက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မေတ္တာထားမှု၊ သံယောဇဉ်ရှိမှု၊ သစ္စာရှိမှုတို့သည် နှစ်ကာလရှည်ကြာစွာ အမြစ်တွယ် ခိုင်မြဲနေပြီဖြစ်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ်၏ အရင်းခံတရား၊ အရိုတရား ကိန်းအောင်းပြီးဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ ပင်ကိုသဘာဝစိတ်ဓာတ်မျိုးပဲဟုပင် သတ်မှတ်နိုင်ကြောင်း။

သမိုင်းပေးတာဝန်

သို့ရာတွင် ကိုလိုနီတို့၏ပယောဂကြောင့် သံသယများပွားများပြီး အချင်းချင်း မယုံမကြည်၊ သွေးကွဲခဲ့ရသည့်အဖြစ်များကို ရင်ဆိုင်ခဲ့ကြရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယနေ့ မိမိတို့တပ်မတော်အစိုးရလက်ထက်၌ ဤကဲ့သို့ အဖြစ်ဆိုးများကို ကျော်လွှားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း ပြန်လည်ပေါင်းစည်းညီညွတ်ရေးကို စိတ်ဓာတ်စေတနာမှန်ဖြင့် မဖြစ်မနေ တည်ဆောက်နိုင်ခဲ့ကြောင်း၊ ရရှိပြီးဖြစ်သည့် အေးချမ်းတည်ငြိမ်မှုနှင့် ညီညွတ်မှုတို့ကို အခြေခံပြီး နိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်ရေးသည် တစ်မျိုးသားလုံး၏ သမိုင်းပေးတာဝန်လည်းဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှု၊ ကြံ့ခိုင်မှု၊ စိတ်ဓာတ်ကောင်းမွန်မှုတို့သည် တစ်မျိုးသားလုံး၏ နိုင်ငံရေးစွမ်းအားဟု ခေါ်ဆိုနိုင်ကြောင်း။

ဤနိုင်ငံရေးစွမ်းအားဖြင့်ပင် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်၊ နယ်မြေဒေသအလိုက် စီးပွားရေး ဖူလုံပိုလျှံအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ မည်သူ့အပေါ်မှ မှီခိုအားထားမျှော်လင့်မနေဘဲ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားများဖြင့်သာ အားထုတ်လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နယ်စပ်ဖြတ်ကျော် ကုန်သွယ်ဖွံ့ဖြိုးမှု အလားအလာ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ လယ်ယာကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှု၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှု၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု၊ နယ်မြေတာဝန်ခံများ၏ တီထွင်ကြံဆ လုပ်ကိုင်စီမံနိုင်မှုတို့ကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ရှေ့တွင် ပိုမိုတိုးတက်မည့် အလားအလာကောင်းများရှိနေကြောင်းကို သုံးသပ်တွေ့ရှိရကြောင်း။

ဟန်ချက်ညီညီ

ဤအလားအလာကောင်းများကို အခြေခံပြီး ဒေသ၏ အခြေအနေအရ ဖြစ်ထွန်းအောင်မြင်နိုင်သည့် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းတို့ကိုရော၊ နှစ်ရှည်ရော်ဘာပင်တို့ကိုပါ စီမံချက်နှင့်အညီ တိုးချဲ့စိုက်ပျိုးသွားသကဲ့သို့ ဘိန်းအစားထိုးသီးနှံမျိုးစုံ ဖြစ်ထွန်းအောင်မြင်ရေး၊ သီးနှံတစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ သားငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးရေးတို့ကိုပါ ဟန်ချက်ညီညီ အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း။

ထို့အပြင် ကျေးလက်နေပြည်သူများအတွက် ထိရောက်အကျိုးရှိသည့် ဇီဝဒီဇယ်ဆီကို ထုတ်လုပ်နိုင်သည့် ကြက်ဆူပင်များကိုလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ်ခံယူပြီး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားကြရန် လိုကြောင်း။

သို့မှသာ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်၏ ပြောင်းလဲမှုများနှင့်အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ရှေ့တန်းကျကျ လိုက်နိုင်မည်ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်သည်လည်း ဦးဆောင်မှုကောင်း၊ မူဝါဒကောင်းများနှင့် ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်မှု၊ အလုပ်လုပ်နိုင်မှုတို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်ဖြင့် ကဏ္ဍစုံမှ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေခြင်း ဖြစ်ကြောင်း။

အောင်မြင်မှုများရရှိ

ပို့ကုန်၊ သွင်းကုန်ရှင်းတမ်း၌ ပို့ကုန်ပမာဏများလာမှု၊ နိုင်ငံခြားငွေပေးငွေယူရှင်းတမ်း၌ ပိုငွေပြနေမှု၊ ဘတ်ဂျက်လိုငွေ တစ်နှစ်ထက်တစ်နှစ် လျော့နည်းကျဆင်းလာမှု၊ ကုန်ထုတ်လုပ်မှု တိုးတက်နေမှုတို့ကြောင့် စီးပွားရေးမျက်နှာစာတွင် နိုင်ငံတော်သည် တိုးတက်မှုရာခိုင်နှုန်း ကောင်းကောင်းဖြင့် အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း၊ နိုင်ငံအဝန်း လိုအပ်နေသည့် စီးပွားရေး အခြေခံအဆောက်အအုံ၊ လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံနှင့် အရေးပါသည့် ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံများကိုလည်း ပြည့်စုံလုနီးပါး တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း။

ဤကဲ့သို့ စီးပွားရေးတောင့်တင်းခိုင်မာမှုအတွက် အခြေခံများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအခြေခံများ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု အခြေခံများစသည့် အခြေခံကောင်းများအပေါ် အားယူပြီး နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းနိုင်၍ နိုင်ငံရေးလုပ်ငန်း အစီအစဉ် အဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်(၄)ရပ်အနက် ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး ဆိုသည့် တတိယနှစ် စတုတ္ထနိုင်ငံရေး ဦးတည်ချက်များကို လက်တွေ့ကျသည့် အစီအစဉ်များဖြင့် ပုံဖော်နေခြင်းဖြစ်ကြောင်း။

မိမိနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးအချိန်မှစပြီး ပါလီမန်ဒီမိုကရေစီကို ကျင့်သုံးခဲ့သော်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကလည်းမရှိ၊ ပြည်သူများ၏ လူမှုစီးပွားရေးဘဝကလည်း တိုးတက်လာမှုမရှိ၊ ပညာရည် အဆင့်အတန်းကလည်း မပြည့်ဝသည့်အတွက် ပါတီစုံပါလီမန်ဒီမိုကရေစီ ရေစုံမျောခဲ့ရသည့် အတွေ့အကြုံရှိပြီးဖြစ်ကြောင်း။

ဖော်ထုတ်ဖယ်ရှား

ဒီမိုကရေစီထွန်းကားရေး၏ အခြေခံ အကြောင်းတရားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့လက်ဝယ် ပိုင်ပိုင်နိုင်နိုင်ရရှိပြီးဖြစ်သည့် အမျိုးသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေး ဖူလုံခိုင်မာရေးတို့ကို ဆက်လက်ပြီး ပြည့်စုံသည်ထက်ပြည့်စုံအောင်၊ ခိုင်မာသည်ထက်ခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ မိမိတိုင်းပြည်၊ မိမိလူမျိုး တိုးတက်ရေး၊ အဆင့်အတန်းရှိရှိ၊ အေးအေးချမ်းချမ်း နေထိုင်နိုင်ရေးအတွက် စေတနာအရင်းခံပြီး ကြိုးစားလုပ်ဆောင်မှုများကို ဖျက်လိုဖျက်ဆီးလုပ်နေသည့် အဆိုးမြင်ဝါဒီများ၊ အဖျက်သမားများကို သတိထား ဖော်ထုတ်ဖယ်ရှားသွားရန်လည်း လိုအပ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ဒေသခံပြည်သူများ ကြီးပွားချမ်းသာရေး၊ အေးချမ်းတည်ငြိမ်လုံခြုံစွာ နေထိုင်သွားလာရေးတို့အတွက် နိုင်ငံတော်အပိုင်းက တာဝန်ကျေပွန်သကဲ့သို့ ဒေသခံပြည်သူများအပိုင်းကလည်း အပြန်အလှန် တာဝန်ကျေပွန်စွာ ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

လေပွေနှောက်လည်း မကြောက်ပါ

❑ ကိုယ့်ရပ်ကိုယ့်မြေ၊ ကိုယ့်လူတွေချင်း
ရင်းရင်းနှီးနှီး၊ စည်းစည်းလုံးလုံး
ပြုံးပြုံးရွှင်ရွှင်၊ တိုင်ပင်နှီးနှော
စောကြောချင့်ချိန်၊ အရှိန်ကောင်းခိုက်
လေပွေတိုက်ပြီး
ရိုင်းမိုက်လှစွာ၊ ကြိုးပမ်းလာသည်
မှန်တာမပါ၊ အစီရင်ခံစာရေး
လူ့အခွင့်အရေး–တဲ့။

❑ ဒီနေ့မြန်မာ၊ နှစ်တစ်ရာက
ဂုဏ်ဝါကင်းမဲ့၊ နယ်ချဲ့လက်အောက်
ကျွန်သပေါက်များ၊ ထင်မထားနဲ့။

❑ လွတ်လပ်မြန်မာ၊ ဖြစ်တာကြာလို့
ဘယ်ရွာဘယ်လူ၊ ဘယ်သူတစ်တွေ
စိတ်နေစိတ်ရင်း၊ သူ့ခံတွင်းက
ရင်တွင်းစကား၊ ဘယ်အစားလဲ
ကြားလိုက်တာနဲ့သိပါ၏။

❑ တမင်လုပ်ထား၊ စကားလေပွေ
မွှေချင်သလိုမွှေ
ဒို့တစ်တွေမမှု
ဒို့ရှေးရှုရာ၊ စခန်းသာသို့
ညီညာတွဲလက်၊ မြဲခိုင်လျက်ဖြင့်
ဆက်ချီတက်မှာ ကြည့်နေပါ။ ။

မျိုးလွှား

မြန်မာ့ရုပ်မြင်သံကြား

၂၁–၃–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈း၁၀ ၆။ အဆိုပြိုင်ပွဲ
၈း၂၀ ၇။ ဆပ်သွားတံတား
၈း၂၀ ၈။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၅ ခုနှစ်)
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၂၅ ၇။ ခံစားနားဆင်တေးဂီတဝင်
၁၇း၃၀ ၈။ **"အရေးကြီးလို့ပါ"** ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
၁၇း၄၀ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေးပုရွက်ဆိတ်လေး"** (အပိုင်း–၇၄)
၁၈း၅၀ ၁၃။ အတီးပြိုင်ပွဲ
၁၉း၀၀ ၁၄။ ကြေးမုံရိပ်သွင်တေးနှယဉ်
၁၉း၁၀ ၁၅။ သန့်ရှင်းသပ်ရပ်ဖွံ့ဖြိုး သာယာမြို့မန္တလာ
၁၉း၂၀ ၁၆။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၃၀ ၁၇။ ပြည်သူ့အတွက်တပ်မတော် (တပ်မတော်သည် ပြည်သူ့အတွက်)
၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ရုပ်မြင်သံကြားဇာတ်လမ်း **"သူ့ရဲကောင်းများထွန်းကားသည်"**(အပိုင်း–၂) ကျော်သူ၊ ရန်အောင်၊ ဒွေး၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မေသန်းနု၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ–ပန်းချီစိုးမိုး)
၂၂။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာ ဆားဖိုချောင်ကွင်း လမုကျွန်းပေါ်၌တည်ထားကိုးကွယ်လျက်ရှိသော ရွှေဘုန်းတော်ပွင့် စေတီတော်မြတ်ကြီးအား အလှူရှင် ဦးတင်ဆန်း–ဒေါ်ချိုချိုပြုံးမိသားစုပျော်ဘွယ်လေးကျေးရွာက စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ၊ မဟာရံတံတိုင်းနှင့် ဂြိုဟ်တိုင်များ အသစ်ပြုပြင်လှူဒါန်းပြီး ဗုဒ္ဓါဘိသေကမင်္ဂလာနှင့် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို တပေါင်းလပြည့်နေ့က ကျင်းပရာ အလှူရှင်မိသားစုများ ရွှေထီးတော်အား လက်ယာရစ်အပူဇော်ခံကြစဉ်။
(ဝ၅၂)

တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၂၀

မြန်မာ–တရုတ်နှစ်နိုင်ငံ စာနယ်ဇင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E. Mr. Shao Huaze ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါဝင်သည့် တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအောင်၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ခြံစည်းရိုးကြက်ဆူပင်များကို ဒေသအသီးသီး၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် တက်ကြွစွာစိုက်ပျိုးလျက်ရှိ စိုက်ပျိုးမြေပေါ်များသည့်အပြင် သဘာဝမြေအနေအထားအရရော၊ ပေါက်ရောက်ဖြစ်ထွန်းမှုအရပါ ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းတို့၌ ရှေ့တန်းမှနေ၍ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မျိုးသန့်မျိုးပွား သုတေသနစိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ရှေးဦးစွာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စခန်းရုံးမိသားစု၏ ဧက၁၀၀ နှစ်ရှည်ပင်နှင့် ရာသီသီးနှံမျိုးစေ့ဥယျာဉ်သို့ရောက်ရှိစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဆင်းရွှေလီပဲပုပ်၊ ဆင်းရွှေလီနေကြာ၊ ဆင်းရွှေလီဆီနေကြာ နမူနာများကို ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင် ၁၃၅၀၀ မျိုးသန့်မျိုးပွားသုတေသနစိုက်ခင်းနှင့် သီးညှပ်နာနတ်ပင် ငါးသောင်း၊ လိုက်ချီးပင် တစ်သောင်း၊ ပျားလိမ္မော် ၆၀၈ ပင် စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် သုတေသန ကြက်ဆူပျိုးဥယျာဉ်၌ စိုက်ပျိုးရန် အသင့်ပြင်ဆင်ထားသည့် ခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်းများ၊ တိုက်ရိုက်ကိုင်းပျိုးစနစ်ဖြင့် ပျိုးထောင်ထားသည့် ကြက်ဆူပျိုးပင်များ၊ တိုက်ရိုက်စေ့ချစနစ်ဖြင့် ပျိုးထောင်ထားသည့် ကြက်ဆူပျိုးပင်များကိုလည်းကောင်း၊ (၄၅)ရက်သားရှိ ကြက်ဆူပျိုးပင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ခြံစည်းရိုးကြက်ဆူပင်မှထုတ်လုပ်ထားသည့် ဇီဝလောင်စာဆီနှင့် ဇီဝလောင်စာဆီဖြင့်အသုံးပြုနိုင်သည့် မီးအိမ်၊ မီးဖိုများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ထို့နောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စံပြဧက ၁၀၀ ကြက်ဆူစိုက်ခင်း ရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော်အကြီးအကဲ၏ ဒေသဝမ်းစာဆန်စပါး ဖူလုံပိုလျှံရမည်၊ စက်ယန္တရားများအတွက် ဇီဝလောင်စာဆီထုတ်လုပ်နိုင်ရမည်ဟူသည့် လမ်းညွှန်မှာကြားချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

စက်ယန္တရားများအတွက် ဇီဝလောင်စာဆီရရှိရန် မိမိတို့ပြည်နယ်၌ မြေလွတ်မြေလပ်ဧက ရစ်သိန်းကျော်ရှိရာ နိုင်ငံတော်၏ တာဝန်ပေးမှုအတိုင်း ခြံစည်းရိုးကြက်ဆူဧက ငါးသိန်းကို သုံးနှစ်စီမံကိန်းဖြင့် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့အထိ ခြံစည်းရိုးကြက်ဆူပင်ဧက ၁၆၇၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ ပျိုးပင်မျိုးကိုင်းများကိုလည်း စုဆောင်းပျိုးထောင်ထားပြီး ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်အဆင့် ပျိုးခြံများ ထူထောင်၍ ခြံစည်းရိုးကြက်ဆူပင်များကို အောင်မြင်အောင် စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးတင်ဝင်းက ဇီဝလောင်စာ ကြက်ဆူဆီထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က မှာကြားရာတွင် ခြံစည်းရိုးကြက်ဆူပင်များကို နိုင်ငံတော်၏ ဒေသအသီးသီး၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် တူတူညီညီ တက်တက်ကြွကြွစိုက်ပျိုးလျက်ရှိကြကြောင်း၊ စိုက်ပျိုးမြေ ပေါ်များသည့်အပြင် သဘာဝမြေအနေအထားအရရော၊ ခြံစည်းရိုးပင် ပေါက်ရောက်ဖြစ်ထွန်းမှုအရပါ ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းတို့သည် ရှေ့တန်းမှနေ၍ ကြက်ဆူပင်များကို ပို၍ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလျက်ရှိကြကြောင်း။

ဇီဝလောင်စာ ကြက်ဆူဆီဖြင့် မီးစက်၊ ရေစက်၊ ထော်လာဂျီယာဉ်တို့၌ မောင်းနှင်အသုံးပြုနိုင်သဖြင့် ပြည်သူအများစုနေထိုင်ရာ ကျေးလက်ဒေသအတွက် များစွာအသုံးတည့်သည်သာမက နောင်တွင် စီးပွားဖြစ်ထွန်းသည့် ကုန်ထုတ်လုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်မည့်အခြေအနေ အလားအလာကောင်းများရှိသဖြင့် စိတ်အားထက်ထက်သန်သန်ဖြင့် ကြိုးပမ်းစိုက်ပျိုးသွားကြရန် မှာကြားသည်။

တက်ရောက်အားပေး

ထို့နောက် စံပြဧက ၁၀၀ ကြက်ဆူစိုက်ခင်းအတွင်း၌ (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသည့် ခြံစည်းရိုးကြက်ဆူပင် ၅၀၀၀ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကြက်ဆူပျိုးပင်များကို ဝေငှပေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သူနာပြုများ၊ ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုများကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ခြံစည်းရိုးကြက်ဆူ ဇီဝလောင်စာဖြင့် ကျေးလက် မီးလင်းရေးဆောင်ရွက်နိုင်မှု ပြသချက်များ၊ ခြံစည်းရိုးကြက်ဆူဆီကို အသုံးပြု၍ ပြောင်းခြွေစက်နှင့် ပြောင်းစေ့အရွယ်အစား ရွေးစက်အသုံးပြုနိုင်မှုများ၊ ခြံစည်းရိုးကြက်ဆူဆီအသုံးပြုနိုင်သည့် မီးစက်များ၊ ခြံစည်းရိုးကြက်ဆူမျိုးကိုင်းနှင့် ပျိုးပင်များ၊ ၈ နာရီလျှင် ခြံစည်းရိုးကြက်ဆူဆီ ၁၆ ဂါလန်နှင့် ဂါလန် ၂၀ ကျသည့် ကြက်ဆူဆီကြိတ်စက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ခြံစည်းရိုးကြက်ဆူနှင့် သီးညှပ်အပင် ၅၀၀၀ သုတေသနစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

အစိုးရနည်းပညာကောလိပ်(လားရှိုး) သုံးထပ် ပင်မအဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁–၃–၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တန်ခိုးတော်အနန္တပြည့်ဝမွမ်းထုံ ရွှေစည်းခုံ
၇း၁၅	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	ကိုရီးယားအာဆီယံ လက်မှုပစ္စည်းပြပွဲ
၇း၄၅	အဆင့်မြင့်လုံခြုံရေးနည်းပညာ
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	နှစ်ရှည်စီးပွားတိုးစေဖို့ သီဟိုဠ်ပင်ကိုစိုက်ကြစို့
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ဘိုင်းဒါးရေလှောင်တမံ
၈း၄၀	Video Magazine Vol-1 No-2 Part-II
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန
၉း၂၀	နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး (ရွှေလင်းယုန်နှင့်သိုးရိုင်း)
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀	အမွန်မြတ်ဆုံးလက်ဆောင် နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)
၁၀း၁၀	Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	သင်ယူစရာပန်းချီပညာ (မှတ်ဉာဏ်ဖြင့်ရေးဆွဲခြင်း)
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	အမှတ်(၃)သတ္တုတွင်းလုပ်ငန်း (သာစည်ဘရိုက်တီး)
၁၁း၅၀	အကပြိုင်ပွဲ
၁၁း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၂း၁၀	Birmingham-Liverpool	5-Sports(Live)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

ကြိုဆို

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆင်းရွှေလီ အထူးအထွက်တိုး တစ်ဧက တင်း၂၀၀၊ နှမ်းစပါး ၇၀၅ ဧက စံပြစိုက်ကွင်းသို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ယင်းနောက် ဆင်းရွှေလီ တောင်သူလယ်သမားခန်းမ၌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ စပါးတစ်ဧကအထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ ၂၀၀၄-၂၀၀၅ ခုနှစ် နမ့်ခမ်းမြို့နယ်၌ တစ်ဧကမှ စပါး ၂၄၃ ဒသမ ၈ တင်းအထိ ထွက်ခဲ့မှုများ၊ လားရှိုးမြို့နယ် ဟူးမွန် ဆည်ရေသောက်ဒေသ၌ နှမ်းစပါး ၇၀၅ ဧကကို တစ်ဧက တင်း၂၀၀ ထွက်ရှိရေး စိုက်ပျိုးစမ်းသပ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးလှကြီးက နှမ်းစပါးတစ်ဧက တင်း၂၀၀ ထွက်ရှိရေးဆောင်ရွက်လျက်ရှိသည့် ဆင်းရွှေလီ စပ်မျိုးစပါးစိုက်ပျိုးရေးနှင့်စပ်လျဉ်းသည့် နည်းစနစ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နှမ်းစပါး ၇၀၅ ဧက စံပြစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက နှမ်းစပါးစိုက်ကွက် အောင်မြင်ဖြစ်ထွန်းမှုများ၊ ဟူးမွန်ဆည်မှ စိုက်ပျိုးရေပေးဝေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စိုက်ပျိုးရေးပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ကုန်းမြင့်ယာမြေ(၁) ဧက ၁၀၀၀ စံပြစိုက်ခင်းစီမံကိန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူတို့က စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ကြက်ဆူ၊ လိမ္မော်၊ ကြံ၊ နာနတ်၊ နေကြာ စိုက်ပျိုးပြီးစီးမှုများကိုလည်းကောင်း၊ အထူးအထွက်ကောင်း ကြံနမူနာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တစ်ဧက တန်၅၀ အထက် အထူးအထွက်ကောင်းကြံ စံပြစိုက်ခင်းဧက ၃၀၊ ကြံစိုက်ခင်း၌ ခြံစည်းရိုးကြက်ဆူနှင့် အုန်းဆံဆိမ့်ရောနှော စိုက်ပျိုးထားမှုနှင့် လေးနှစ်သားအရွယ် အုန်းဆံဆိမ့်ပင်တို့ကို ကြည့်ရှုစစ်ဆေးကြပြီး စိုက်ခင်းကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကုန်းမြင့်ယာမြေ(၁) ဧက၁၀၀၀ စံပြစိုက်ခင်း၌ ခြံစည်းရိုး ကြက်ဆူပင် ၁၁၈၈၀၀၊ အုန်းဆံဆိမ့်ပင် ၇၄၀၀၊ ပျားလိမ္မော် ၄၃၂၅ ပင်၊ သစ်ဆိမ့်ပင် ၃၇၅၀၊ ကြံဧက ၃၀၊ နာနတ် ၁၂၅၂၃၅ ပင်၊ ကော်ဖီ ၃၅ ဧက၊ နှမ်းစပါး ဆင်းရွှေလီဆန်မွှေး ၁၅ ဧက၊ ဆီထွက်နေကြာ ၁၀ ဧက စိုက်ပျိုးထားကြောင်း သိရှိရသည်။ စိုက်ခင်းအတွင်း ငါးကန်များတူး၍ တီလားဗီးယားနှင့် ရွှေဝါငါးကြင်းတို့ကိုလည်း မွေးမြူထားသည်။

အစိုးရနည်းပညာကောလိပ်(လားရှိုး)

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(လားရှိုး) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ System Engineering Co., Ltd. မှ စီမံကိန်းဒါရိုက်တာ ဦးမောင်မောင်ဆန်းဦးက အစိုးရနည်းပညာကောလိပ်(လားရှိုး) သုံးထပ် ပင်မအဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ အစိုးရနည်းပညာကောလိပ်(လားရှိုး) တာဝန်ခံ ကျောင်းအုပ်ဒေါက်တာဆွေဆွေမော်က ကောလိပ်၌ ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှု၊ သင်တန်းကာလများနှင့် ချီးမြှင့်သည့်ဘွဲ့များ၊ ဆရာ ဆရာမအင်အား အခြေအနေများကို ရှင်းလင်းတင်ပြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးက ဖြည့်စွက်တင်ပြသည်။

မေးမြန်းမှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မေးမြန်းမှာကြားပြီး သုံးထပ် ပင်မအဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကုန်းမြင့်ယာမြေ(၃) ခြံစည်းရိုးကြက်ဆူပင်ဧက ၁၀၀၀ စံပြမျိုးသန့်စိုက်ခင်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် တာဝန်ရှိသူများက နှစ်ရှည်ပင်၊ ရာသီသီးနှံပင် စိုက်ပျိုးဖြစ်ထွန်းနိုင်မှုအလားအလာနှင့် လက်တွေ့ စိုက်ပျိုးမြေဖော်ထုတ်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ အဆင့်မြင့် ဝက်မွေးမြူရေးခြံသို့ ရောက်ရှိကြပြီး ရေးဦးစွာ ဆင်းရွှေလီ DYL အမျိုးအစား သားခွဲဝက်အကောင် ၅၂၀ မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးကြရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝက်သားဖွားရုံနှင့် မျိုးဝက်ရုံတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အဆင့်မြင့်ဝက်မွေးမြူရေးခြံ၌ ဆင်းရွှေလီ DYL အမျိုးအစား ဝက် ၁၅၀၀ ခန့် မွေးမြူထားကြောင်း သိရှိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လားရှိုးမြို့ ကိုယ်ပွားသတင်းစာတိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မတ် ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တပ်နယ်ခန်းမ၌ လားရှိုးတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၁၈ ရက် ညပိုင်းတွင် လားရှိုးမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ကိုယ်ပွားသတင်းစာတိုက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် မတ် ၁၈ ရက်ညပိုင်းတွင် လားရှိုးမြို့ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်းများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားသည်။ **(သတင်းစဉ်)**

ဥက္ကလာဦးစေတီ ရွှေစင်ရွှေပြားကပ်လှူမည်

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက်အတွင်း ရှေးဟောင်းသမိုင်းဝင်ဥက္ကလာဦးစေတီတော်အား အလှူရှင်များက ရွှေစင်ရွှေပြားများ အသစ်တစ်ဖန် ပြန်လည်ကပ်လှူပူဇော်ကြမည်ဖြစ်သည်။ မူလဒါယကာ ဒါယိကာမများအပြင် ယခုဆက်ကပ်လှူဒါန်းလိုသူများ ဥက္ကလာဦးစေတီ အာရုံခံတန်ဆောင်းအတွင်းရှိ အလှူခံဌာနနှင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၅၇၁၁၉၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်တွင်းပြည်ပသာသနာပြုအလိုတော်ပြည့်ဆရာတော်အား ကာလကတ္တားမြို့မှ သာသနာပြုလုပ်ဆောင်မှုအတွက် ဘွဲ့ချီးမြှင့်

ရန်ကုန် မတ် ၂၀

ပြည်တွင်းပြည်ပ သာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တ အရိယဝံသအား မတ် ၉ ရက်တွင် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ The United Buddhist Samgha Council of India (The Supreme Buddhist Samgha Council)မှ စတုတ္ထမြောက် ဆရာတော်အဖြစ် "Doctor of Tripitaka" (Tripitaka Mahapandita) ဘွဲ့ကို ဆရာတော်ကြီး၏ ပြည်တွင်းပြည်ပ နယ်စပ်ဒေသပါမကျန် ကမ္ဘာအနှံ့အပြားသို့ ထိထိရောက်ရောက် ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် သာသနာပြုလုပ်ဆောင်မှုများကို ထူးထူးချွန်ချွန် ဆောင်ရွက်နိုင်ခြင်းအတွက် ဂုဏ်ပြုချီးမြှင့်သည်။

အဆိုပါ The United Buddhist Samgha Council of India (The Supreme Buddhist Samgha Council)ကို အိန္ဒိယနိုင်ငံတွင် ၁၉၈၃ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး အဆိုပါဘွဲ့ကို The United Buddhist Samgha Council of India (The Supreme Buddhist Samgha Council)မှ ပေးအပ်ရာတွင် ဓမ္မာစရိယတက္ကသိုလ် အဓိပတိ အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တ အရိယဝံသအား ချီးမြှင့်ခြင်းမှာ မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး ချီးမြှင့်ခံရသော ဆရာတော်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဓမ္မပိယရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလလမ်း ဓမ္မပိယရိပ်သာ ၁၁ ရက် တရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၂၃ ရက်အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်းဟောကြားပြသမည်ဖြစ်ရာ တရားဝင်လိုသော ယောဂီများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၆၁) နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

၂၆-၃-၂၀၀၆ မှ ၄-၄-၂၀၀၆

(မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒကျောင်းသားများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၀

၁၉၇၈ ခုနှစ် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့်တွေ့ဆုံပွဲကို မတ် ၂၅ရက်(စနေနေ့)ညနေ ၆နာရီခွဲတွင် အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းအားကစားကွင်းအနီးရှိ M3 Food Centre၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန်နှင့် မြထူး၊ ကျော်ထူး ဖုန်း-၅၅၈၄၆၁၊ အေးကိုကို၊ နေဝင်း ဖုန်း-၅၄၈၄၁၄၊ အောင်ကြိုင် ဖုန်း-၀၉-၅၀၀၂၉၇၄၊ ဟန်ငြိမ်း ဖုန်း-၂၀၂၈၀၂၊ အောင်ကျော်ထွန်း ဖုန်း-၅၅၈၃၀၇၊ တင်ဦး ဖုန်း-၅၂၆၂၃၁၊ စည်အောင် ဖုန်း-၂၉၇၇၈၀၊ လှအောင် ဖုန်း-၀၉-၅၁၄၇၀၆၅၊ အောင်မြင့်ကျော် ဖုန်း-၃၇၄၆၄၂နှင့် သောင်းလွင် ဖုန်း-၀၅၂-၂၁၀၄၆တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ဓမ္မဒူတတောရ သင်္ကြန်တွင်းတရားစခန်း

ရန်ကုန် မတ် ၂၀

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ၌ ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ပညိဿရ ကိုယ်တိုင် တရားစခန်းပွဲကို ဧပြီ ၁ရက်မှ ၇ရက်အထိ လည်းကောင်း၊ သင်္ကြန်တွင်း တရားစခန်းကို ဧပြီ၁၃မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများသည် ရိပ်သာဖုန်း-၀၅၂၂၄၅၅၀ နှင့် ၀၉-၅၀၁၇၂၉၄၊ ၀၉၉၉၂၄၃၃၁ တို့သို့ မတ် ၂၇ရက် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများဟောပြောပို့ချ

ရန်ကုန် မတ် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန သင်တန်းကျောင်း၌ဖွင့်လှစ်သော E-government သင်တန်းမှ သင်တန်းသားအရာရှိ ၅၀ တို့အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ ဟောပြောပို့ချသည်။

ဟောပြောပို့ချ

အလားတူ ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန်သည် မတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသော စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၂၆)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၄၀)၊ (၄၁)၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၀)၊ အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁) တို့မှ သင်တန်းသား ၁၅၅ ဦးတို့အား အမျိုးသားရေးမူဝါဒများနှင့် နိုင်ငံတော်၏ ကဏ္ဍစုံဖွံ့ဖြိုးမှုများအကြောင်းကို ဟောပြောပို့ချသည်။

ထို့အပြင် ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၀)မှ သင်တန်းသား ၁၀၀ တို့အား အမျိုးသားရေးမူဝါဒနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများအကြောင်းကို ဟောပြောပို့ချသည်။ **(သတင်းစဉ်)**

မင်္ဂလာဈေးဓမ္မာရုံ တရားပွဲကျင်းပမည်

ရန်ကုန် မတ် ၂၀

ဗဟန်းမြို့နယ် ကြေးသွန်းဘုရားကြီးရှေ့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ကြားတောရလမ်း မင်္ဂလာဈေးဓမ္မာရုံတွင် ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်က မတ် ၂၂ ရက် (ဗုဒ္ဓဟူးနေ့)တွင် အခြေခံပညာမူလတန်း ကလေးတရားပွဲနှင့် မတ် ၂၅ရက်(စနေနေ့)တွင် အခြေခံပညာအလယ်တန်း ကလေးတရားပွဲများကို ညနေ ၆နာရီမှစ၍ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ(၁၄)နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ(၃၀) စုစုပေါင်း (၄၄)နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါ မြို့နယ်လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲ ဈေးများပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင် ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များ ရုတ်တရက်သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့်နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ် သေဆုံးနိုင်ခြင်း။

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှု ဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း(လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှု မရှိအောင်ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိ မွေးမြူမှု မပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှု မပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်းဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲ ဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစား နှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်းဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီ လိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော်စက်မှုနယ်မြေရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန သုတေသနဖွံ့ဖြိုးရေးဌာနတွင် ပြသထားသော ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းပြခန်းများအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား အစည်းအဝေးခန်းမ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာန၊ လုပ်ငန်းများ၏ဖွဲ့စည်းပုံ၊ နိုင်ငံအတွင်း အကြီးစား စက်မှုလုပ်ငန်း စက်ရုံများ တည်ရှိမှု၊ တိုးတက်အကောင်အထည်ဖော်ခဲ့သည့် စက်မှုနယ်မြေများနှင့် ၎င်းစက်မှုနယ်မြေများရှိ စက်ရုံများ၏ အခြေအနေများကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဝန်ကြီးက အင်းတကော်စက်မှုနယ်မြေကို သံဘီးဝှေ၊ ရေတိုင်ကီ၊ သတ္တုဘယ်ယာရင်၊ အင်းလက်နှင့် အိပ်ဇောဘား၊ ဘောဘယ်ယာရင်၊ အလူမီနီယံဝါယာကြိုးများကို စက်စွမ်းအားပြည့်ထုတ်လုပ်ရန်၊ မြင်းကောင်ရေ ၁၈ကောင် ဒီဇယ်အင်ဂျင်များ ထုတ်လုပ်ပြီး လက်တွန်းထွန်စက်၊ လျှပ်စစ် ဓာတ်အားပေးစက်များ ထုတ်လုပ်မှုတွင် အသုံးပြုရန်၊ လျှပ်စစ်မော်တာနှင့် မော်တော်ယာဉ်သုံးလျှပ်စစ်ပစ္စည်းဖြစ်သည့် စက်ပစ္စည်းအမယ်သစ်များ ထုတ်လုပ်ရန်၊ ထုတ်လုပ်သည့် ပစ္စည်းများ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် ပစ္စည်းအမယ်သစ်များ ထုတ်လုပ်နိုင်သည့် စီမံကိန်းစက်ရုံများ တိုးတက်အကောင်အထည်ဖော်ရန် ရည်မှန်းချက်များထား၍ တည်ထောင်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး အင်းတကော်စက်မှုနယ်မြေတွင် စီမံကိန်းများပြီးစီး၍ ထုတ်လုပ်မှုဆောင်ရွက်လျက်ရှိသည့် သံဘီးဝှေစက်ရုံ၊ ရေဒီယေတာစက်ရုံ၊ သတ္တုဘယ်ယာရင်စက်ရုံ၊ လက်တွန်းထွန်စက်အင်ဂျင်စက်ရုံ၊ အင်းလက်နှင့် အိပ်ဇောဘားစက်ရုံ၊ ဘောဘယ်ယာရင်စက်ရုံ၊ သံရည်ကျိုစက်ရုံ၊ အလူမီနီယံဝါယာကြိုး ထုတ်လုပ်ရေးစက်ရုံနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနတို့၏ အခြေအနေများကို လည်းကောင်း၊ ယနေ့ဖွင့်လှစ်မည့် လျှပ်စစ်မော်တာ ထုတ်လုပ်ရေးစက်ရုံနှင့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံများ၏ စက်ပစ္စည်းဆိုင်ရာ အချက်အလက်များ၊ စက်ရုံအဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ထုတ်လုပ်နိုင်မည့်စက်စွမ်းအား စသည်တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အင်းတကော်စက်မှုနယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် ကျွန်းပင်၊ အရိပ်ရပင်များနှင့် သီးပင်စားပင်များ စိုက်ပျိုးထားမှုကိုလည်းကောင်း ဗီဒီယိုဆလိုက်များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းများကို ထူထောင်ရာ၌ အဓိကများသည် နိုင်ငံတော် အစိုးရက ထုတ်လုပ်သည့် ပစ္စည်းများဖြစ်၍ အရည်အသွေး ကောင်းမွန်စိတ်ချရပြီး သက်တမ်းပြည့် အသုံးပြုနိုင်သည့် စက်ကိရိယာပစ္စည်းများဖြစ်ရန်လိုကြောင်း။

တတိယအချက်မှာ အမှတ်(၂)

အားဖြင့် အရင်းအနှီးနှင့် အတတ်ပညာပြည့်စုံရန် လိုအပ်ကြောင်း။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန မော်တော်ယာဉ်သုံးလျှပ်စစ်ပစ္စည်းစက်ရုံကို မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ မြန်မာ့စက်ရုံနှင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်ကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ Angelique International Limitedမှ Vice President, Mr. Pradeep Kumar Aryaတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကြိုးပမ်းဆောင်ရွက်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်လျက်ရှိရာ စိုက်ပျိုးရေးကဏ္ဍအတွက် စက်ကိရိယာပစ္စည်းများ မလွဲမသွေ ဖြည့်ဆည်း ထုတ်လုပ်ပေးရန် လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ကို လျှင်လျှင်မြန်မြန် ကူးပြောင်းရေး ဆောင်ရွက်ရန်၊ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန အနေဖြင့်လည်း လယ်ယာသုံး စက်ကိရိယာများ၊ ယာဉ်များကို အင်တိုက်အားတိုက် ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန် မှာကြားလိုကြောင်း။

အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ကုန်ထုတ်လုပ်မှုနှင့် စပ်လျဉ်းပြီး ပထမအချက်အနေဖြင့် မိမိတို့၏ စက်ရုံများအတွက် အရည်အသွေး အဆင့်အတန်းမြင့်မားသည့် စက်များရရှိရေးနှင့်အရည်အချင်းပြည့်ဝပြီး ကျွမ်းကျင်သည့် ပညာရှင်များ ရှိနေအောင် လေ့ကျင့်မွေးမြူရေးတို့ကို ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် မိမိတို့ ထုတ်လုပ်သည့် စက်ကိရိယာပစ္စည်း

စက်မှုဝန်ကြီးဌာန၏ စက်ရုံများအနေဖြင့် စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

စတုတ္ထအချက် အနေဖြင့် လူ၏ပေါ့ဆမှု၊ မသမာမှုများကြောင့် စက်ရုံများ၌ အလေအလွင့်များ မဖြစ်ပေါ်စေရေးကို ဂရုစိုက် ကြပ်မတ်ပေးရန် လိုကြောင်း။

ဆွေးနွေးမှာကြား

ပဉ္စမအချက်မှာ ဇီဝလောင်စာဆီ ရရှိရေးအတွက် နိုင်ငံနှင့်အဝန်း ခြစ်ညီးရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ကိုင်လျက်ရှိရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း မိမိတို့ ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သည့် ကြက်ဆူဆီဖြင့် မိမိတို့ထုတ်လုပ်သည့် အင်ဂျင်စက်များ မောင်းနှင်နိုင်ရေး တီထွင်လုပ်ကိုင်ရန် လိုအပ်သည့်အပြင် တစ်ဖက်ကလည်း အင်ဂျင်များကို ကြက်ဆူဆီဖြင့် မောင်းနှင်သည့်အတွက် ကောင်းကျိုးဆိုးပြစ်များကို သုတေသနပြုလေ့လာ၍ စက်ကိရိယာအစိတ်အပိုင်းများ ပြုပြင်သွားရန် လိုအပ်ပါက ပြုပြင်ထုတ်လုပ်သွားရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။ ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနတွင် ပြသထားသော CAD & CAM Computer Roomရှိ ဒီဇယ်အင်ဂျင်ကို CNG ဓာတ်ငွေ့ပြောင်းလဲသုံးစွဲရာတွင် အသုံးပြုသည့် မော်တော်ယာဉ်ပစ်စတင်များပြုပြင်မှု၊ Metallographic Microstructure Testing Room ရှိ သတ္တုနှင့်သတ္တုစပ်ပစ္စည်းများ ခံနိုင်မှုစွမ်းရည် တိုင်းတာစစ်ဆေးမှု၊ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ပြခန်းရှိ ထုတ်လုပ်ထားသည့် စက်ဘီး၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်တာယာဆိုဒ်အမျိုးမျိုး၊ Mechanical & Physical Properties Testing Room ရှိ စက်ပစ္စည်းများအား ဆွဲဆန့်နိုင်မှုကို တိုင်းတာစစ်ဆေးစက်၊ Engine Testing Room ၌ အင်ဂျင်များ စမ်းသပ်စက်၊ ခြစ်ညီးရိုး ကြက်ဆူဆီသုံး 80 HP လက်တွန်းထွန်စက်၊ Mini Tractorနှင့် ရော(၁) လယ်ထွန်စက်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် ပုံစံပြောင်း မာဇဒါဂျစ်ကားများ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း၊ မြန်မာ့လယ်ယာသုံး စက်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းနှင့် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတို့က ထုတ်လုပ်ထားသည့် စက်ကိရိယာပစ္စည်းများ၊ စမ်းသပ်ထုတ်လုပ်သည့် ကြက်ဆူစေ့ခွဲစက်၊ ကြက်ဆူဆီကြိတ်စက်နှင့် ဆီညှစ်စက်၊ ကြက်ဆူဆီမီးဖိုနှင့်အခြား လောင်စာသုံးမီးဖိုများ၏ ဆီကုန်ကျမှု နှိုင်းယှဉ်ချက်၊ ကြက်ဆူဆီသုံး မီးဖိုစမ်းသပ်ချက်များနှင့် ကြက်ဆူဆီသုံး မီးဖိုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

တက်ရောက်ဖွင့်လှစ်ပေး

ယင်းနောက် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၏ လျှပ်စစ်မော်တာထုတ်လုပ်ရေး စက်ရုံဖွင့်ပွဲအခမ်းအနားကို နံနက်၁၁နာရီတွင် အဆိုပါ စက်ရုံရှေ့၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ပြီး လျှပ်စစ်မော်တာ ထုတ်လုပ်ရေးစက်ရုံ ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စောလွင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံ Angelique International Limited မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဘင်ခရာနှင့်ပန်းပွားအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ Angelique International Limited မှ Vice President, Mr. Pradeep Kumar Arya တို့က လျှပ်စစ်မော်တာထုတ်လုပ်မှုစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း၌ ပြသထားသည့် စက်ပစ္စည်းများနှင့်လျှပ်စစ်မော်တာထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

အဆိုပါ လျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံမှ Single Phase Electric Motor ခြောက်မျိုးကို တစ်နှစ်လျှင် အလုံး၃၀၀၀၀နှင့် Three Phase Electric Motor ခုနစ်မျိုးကို တစ်နှစ်လျှင် အလုံး၁၀၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၏ မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံဖွင့်ပွဲအခမ်းအနားကို အဆိုပါ စက်ရုံရှေ့၌ ကျင်းပရာ ရှေးဦးစွာ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် အိန္ဒိယသမ္မတ နိုင်ငံ Angelique International Limited မှ Vice President, Mr. Pradeep Kumar Aryaတို့က မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း၌ ပြသထားသည့် စက်ပစ္စည်းများနှင့် စက်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်လိုက်သော မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံအား တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

ထုတ်လုပ်ပေးနိုင်မည်

အဆိုပါ စက်ရုံမှ လယ်ထွန်စက်၊ တီအီးကားနှင့် ဂျစ်ကားများအတွက် Startor Motor အလုံး ၁၀၀၀၀၊ ထွန်စက်၊ တီအီးကားနှင့် ဂျစ်ကားများအတွက် Alternator အလုံး ၁၀၀၀၀၊ ဓာတ်ဆီသုံးမော်တော်ယာဉ်များအတွက် Ignition Coil အခု ၅၀၀၀နှင့် ဓာတ်ဆီသုံးမော်တော်ယာဉ်များအတွက် Electronic Fuel Pump အခု ၅၀၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အလူမီနီယံဝိုင်ယာကြိုး ထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိကြပြီး အလူမီနီယံဝိုင်ယာကြိုး ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့်တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါစက်ရုံမှ ဓာတ်အားလိုင်းသုံး အလူမီနီယံဝိုင်ယာကြိုးအမျိုးမျိုးနှင့် လျှပ်စစ်တာဝါတိုင်များကို မိုးကြိုးလွှဲဖြင့် ထိန်းချုပ်ခြင်းအတွက် Stay Wire များအား တစ်နှစ်လျှင်တန် ၁၆၀၀ ထုတ်လုပ်နိုင်ကြောင်းသိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် လက်တွန်းထွန်စက် အင်ဂျင်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံမှ ထုတ်လုပ်သည့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ ခြစ်ညည်းရိုးကြက်ဆူဆီသုံး အင်ဂျင်စက်နှင့် ရေစုပ်စက်၊ ရော(၁) လက်တွန်းထွန်စက်၊ Mini Tractor၊ ထော်လာဂျီ မီးသတ်ယာဉ်နှင့် စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး မွန်းလွဲပိုင်းတွင်ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်း မန္တလေးတိုင်းတက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနများစစ်ဆေး

ရန်ကုန် မတ် ၂၀

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအေးလွင်နှင့်တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အထက(၇)စာစစ်ဌာနသို့လည်းကောင်း၊ မဟာအောင်မြေမြို့နယ် အထက(၁၃) စာစစ်ဌာနသို့လည်းကောင်း၊ အောင်မြေသာစံမြို့နယ် အထက(၈)စာစစ်ဌာနသို့လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် အထက(၂)နှင့် အထက(၁၄) စာစစ်ဌာနများသို့ လည်းကောင်း ရောက်ရှိပြီး စာမေးပွဲကြီးကြပ်ရေးမှူးများနှင့်အတူ စာမေးပွဲစည်းကမ်းအတိုင်း စနစ်တကျအေးချမ်းစွာ ဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စာစစ်ဌာနများရှိ ကြီးကြပ်ရေးမှူးနှင့် လက်ထောက် ကြီးကြပ်ရေးမှူးများအား စာမေးပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာဆောင်ရွက်ကြရန်၊ စာမေးပွဲဖြေဆိုသူများ စိတ်လက်ကြည်သာစွာ ဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဏာမလက်ရွေးစင်(က)အသင်းသုံးပွဲဆက်တိုက်ရှုံး ပဏာမလက်ရွေးစင်(ခ)အသင်းတစ်ပွဲရှုံးနှစ်ပွဲနိုင်

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းဖွဲ့စည်းရေး လေးပွင့်ဆိုင် အထူးခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပဏာမလက်ရွေးစင်(ခ)အသင်းက ပဏာမလက်ရွေးစင်(က)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နှစ်ပွဲဆက်တိုက် ရှုံးထားသော ပဏာမလက်ရွေးစင်(က)အသင်းသည် နောက်ဆုံးပွဲစဉ်၌အနိုင်ရရှိရေးအတွက် ကြိုးစားကစားသော်လည်း နှစ်ဂိုးပြတ်ရှုံးနိမ့်သွား၍ မျက်နှာပန်းမလှဖြစ်ခဲ့ရသည်။ ပဏာမလက်ရွေးစင်(ခ) အသင်းသည် အသက်(၂၃)နှစ်အောက် လက်ရွေးစင်အသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိသကဲ့သို့ ယနေ့ပွဲ စဉ်၌လည်း အနိုင်ရရှိခဲ့ရာ ကျေနပ်ဖွယ်ရလဒ်ဖြစ်သွားသည်။

ဂိုးသွင်းယူ

ပဏာမလက်ရွေးစင်(ခ)အသင်း အတွက် ပထမဂိုးကိုပွဲစပြီး ၁၅မိနစ်အကြာတွင် နောက်တန်းလူ ဝင်းဇော်အောင်က သွင်းယူပေးသည်။ ပဏာမလက်ရွေးစင် (က)အသင်းသည် ဂိုးသွင်းခံရပြီးနောက် ချေပဂိုးရရှိရေး တင်ကစားလာရာ တစ်ဖက်သတ်ဖိကစားနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ပဏာမလက်ရွေးစင်(က) အသင်းခြေအသာစီးမှ ကစားနိုင်သော်လည်း ချေပဂိုးမရရှိခဲ့ချေ။ ပဏာမလက်ရွေးစင် (ခ)အသင်းအတွက် ဒုတိယဂိုးကို ဒုတိယပိုင်း၌ လူစားဝင်ကစားသည့် ကျော်ကျော်ခိုင်က ၈၄ မိနစ်တွင် သွင်းယူပေးသည်။

ပဏာမလက်ရွေးစင်(က)

ပဏာမလက်ရွေးစင်(က)အသင်းတွင် **(ဂိုး)**ဇော်မိုးထက်(သီဟစည်သူ)၊ **(နောက်တန်း)** အောင်ဇော်မျိုး၊ သန်းထိုက်၊ ဇော်ထက်အောင်၊ ချမ်းချမ်း၊ **(အလယ်တန်း)**သန်းဝဏ္ဏအောင်(အောင်သူဝင်း)၊ ကျော်ဌေးဦး၊ လှအေးထွေး၊ သူရိန်စိုး၊ **(ရှေ့တန်း)**ဇင်မျိုးအောင်နှင့် စထက်နိုင်ဝင်းတို့ ပါဝင်ကစားခဲ့ကြသည်။

ပဏာမလက်ရွေးစင်(ခ)

ပဏာမလက်ရွေးစင်(ခ)အသင်းတွင် **(ဂိုး)**သန်းဇော်ဝင်း(ကျော်ဇင်ထက်)၊ **(နောက်တန်း)**ဝင်းဇော်အောင်၊ ကျော်ကျော်ထွန်း(နေလင်းထိုက်)၊အေးဆန်း၊ မျိုးမြင့်အောင်၊ **(အလယ်တန်း)** ခင်မောင်လွင်၊ စောကြယ်လင်း(ဟန်စိုးအောင်)၊ ရာဇာဝင်းသိန်း(ညီညီစိုး)၊ မင်းမင်းထွန်း၊ **(ရှေ့တန်း)**ကျော်သီဟ (ကျော်ကျော်ခိုင်)နှင့် နိုင်ဝင်း(စည်သူသန်း)တို့ ပါဝင်ကစားခဲ့ကြသည်။

ယနေ့ပွဲ

မတ်၂၁ရက်**(ယနေ့)**ညနေ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ လေးပွင့်ဆိုင်အထူးခြေစမ်းဘောလုံးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် အသက်(၂၃)နှစ်အောက် လက်ရွေးစင်အသင်းနှင့်အသက်(၂၃)နှစ်အထက် လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြိုင်ပွဲများမှ ပထမ၊ဒုတိယ၊တတိယဆုရရှိသူများသတင်းထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၂၀

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြိုင်ပွဲများမှ အောက်ဖော်ပြပါ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို သတင်းထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ဝတ္ထုရှည်ပြိုင်ပွဲ

ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမ တင်အောင်စိုး(ပန်းမြို့တော်)၊ ဒုတိယ စိုးပိုင်ယွန်း၊ တတိယ ရဲရဲထွန်း(ဟသ်ာတ)၊ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ မောင်ချိုဝေ၊ ဒုတိယ နွေးထက်လှိုင်၊ တတိယ မိုးမြင့်စံ၊ ဆောင်းပါးပြိုင်ပွဲတွင် ပထမ မမြဝင်း(အောင်နန်း/ရှေ့)၊ ဒုတိယ ဆူးခါးဘုန်းမြင့်၊ တတိယ မသန်းအိ(ပုလဲဖြူ)၊ ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ မောင်ကျော်မောင်မောင်စိန်၊ ဒုတိယ မောင်ထက်အောင်ဟိန်း၊ တတိယ မောင်ကျော်ဖြိုးခိုင်တို့က အသီးသီးရရှိကြသည်။

ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်တွင် ပထမ မောင်ဝင်းကျော်သူ၊ ဒုတိယ မောင်အဲဗားကျော်၊ တတိယ မောင်တင့်ထူးနိုင်၊ အခြေခံပညာအဆင့်တွင် ပထမ မောင်ထက်ပိုင်ကျော်၊ ဒုတိယ မောင်ဆလိုင်းဆမ်စမ်မြတ်ထွန်း၊ တတိယ မောင်သော်ဇင်ထွဋ်တို့က အသီးသီးရရှိကြသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ရောင်စုံဓာတ်ပုံပြိုင်ပွဲ **"ခေတ်မီဘက်စုံတည်ဆောက်ရေး"**ခေါင်းစဉ်ဖြင့် ဆုရပြီးသူများအတန်းတွင် ပထမ ညောင်ဦးဖိုးချို၊ ဒုတိယ ရွှေအင်းသားခင်မောင်ဝင်း၊ လူသစ်တန်းတွင် ပထမ ထင်အောင်(အင်းစိန်)၊ ဒုတိယ ကိုဦး၊ တတိယ တက္ကသိုလ်ဟန်မင်းဦး(Best Photo)၊ **"ရှုချင့်စဖွယ် အမျိုးသားယဉ်ကျေးမှု"** ခေါင်းစဉ်ဖြင့် ဆုရပြီးသူများအတန်းတွင် ပထမ ရွှေအင်းသားခင်မောင်ဝင်း၊ ဒုတိယ ကျော်သာ(ဟိုက်ချင်း)၊ တတိယ ဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်)၊ လူသစ်တန်းတွင် ပထမ တက္ကသိုလ်ဟန်မင်းဦး(Best Photo)၊ ဒုတိယ ကိုစိန်ဌေး၊ တတိယ ပြည်စိုးထွန်း(ပန်းချီကော့သောင်း)တို့က အသီးသီးရရှိကြသည်။

စစ်ချီတေးပြိုင်ပွဲ

စစ်ချီတေးပြိုင်ပွဲတွင် ပထမ ဒီဃဦး၊ ဒုတိယ ဝင်းထွန်း(မြဝတီ)၊ တတိယ လေးနိုင်မင်း(မြဝတီ)၊ စစ်ရေးတေးအဆင့်(၁)ပြိုင်ပွဲတွင် ပထမ တက္ကသိုလ်အေးကို၊ ဒုတိယ ထွန်းထွန်းမင်း၊ တတိယ မခင်မြသက်နှင်း၊ စစ်ရေးတေးအဆင့်(၂)ပြိုင်ပွဲတွင် ပထမ ပွင့်သစ်ဦး(ကလေး၀)၊ ဒုတိယ မအေးမြတ်သူ(ယုကီ)၊ တတိယ စောလှထွန်းတို့က အသီးသီးရရှိကြသည်။

ဖော်ပြပါပြိုင်ပွဲများမှ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် (၆၁)နှစ်မြောက် တပ်မတော်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကိုယ်တိုင်ဆုတက်ရောက်ယူရမည်ဖြစ်သဖြင့် ၂၃-၃-၂၀၀၆ရက် (ကြာသပတေးနေ့) ရုံးချိန်အတွင်း ဦးကိုကိုထွေး၊ အတွင်းရေးမှူး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ လာရောက်သတင်းပို့ကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၀

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရေဝတီရေတပ်စခန်းဌာနချုပ် သီဟသုရထွန်းတင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးအေးဖေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့ရှိ ဌာနချုပ်များ၊ စစ်ရေယာဉ်စုများမှ အရာရှိ/စစ်သည်များ၊ မိသားစုများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်အားပေးကြသည်။

ယင်းပြိုင်ပွဲသို့ အမျိုးသားနှင့် အမျိုးသမီး၁၃သင်းစီတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို မတ်၂၄ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီလအတွင်းမူးယစ်ဆေးဝါးအမှုပေါင်း၂၂၄မှုဖမ်းဆီးရမိ

ရန်ကုန် မတ် ၂၀

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့သည် မူးယစ်ဆေးဝါးအမှုပေါင်း၂၂၄မှု ဖမ်းဆီးနိုင်ခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးအမှုပေါင်း၂၂၄မှုတွင် ဘိန်း၄၄မှု အလေးချိန်၄၃ဒသမ ၃၈၁၅ကီလို၊ ဘိန်းဖြူ ၈၅မှု အလေးချိန် ၂ဒသမ၀၇၆၇ ကီလို၊ ဘိန်းညိုနှစ်မှု အလေးချိန်၂၂ဒသမ၈ကီလို၊ ဘိန်းဆီငါးမှု အလေးချိန် ဒသမ၀၂၄၆ ကီလို၊ အဆင့်နိမ့်ဘိန်းကိုးမှု အလေးချိန် ၅၄၉၅ဒသမ၇၈၁၄ကီလို၊ ဆေးခြောက် ၁၈မှု အလေးချိန်၆ဒသမ၅၀၀၂ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၂မှု ၉၇၀၂၉၈ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် အလေးချိန် ဒသမ၀၇ကီလို၊ ဘိန်းစာမှုန့် ကိုးမှု အလေးချိန်၂၄ဒသမ၇၃ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ပမာဏဒသမ၀၃လစ်တာ၊ ဓာတုဆေးရည် ပမာဏ၆၅၆လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန်၅၇၀ဒသမ ၅ကီလို၊ မှတ်ပုံတင်ပျက်ငါးမှု၊ အခြားအမှုငါးမှုဖမ်းဆီးရမိခဲ့သည်။

၂၀၀၆ခုနှစ် ဖေဖော်ဝါရီတွင် မူးယစ်ဆေးဝါးအမှုပေါင်း ၂၂၄မှု ဖမ်းဆီးခဲ့ရာတွင် တရားခံအမျိုးသား၂၈၂ဦး၊ တရားခံအမျိုးသမီး၈၄ဦး စုစုပေါင်း တရားခံ၃၆၆ဦးတို့အား ဥပဒေအရအရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

● ကျောဖုံးမှ

စတင်ရောင်းချမည်

ယနေ့တင်ဒါစနစ်ဖြင့် အဆိုပြုလွှာတင်သွင်းခဲ့သော ကျောက်စိမ်းအတွဲများကို မတ်၂၁ရက် နံနက်၈နာရီတွင်စတင်ရောင်းချမည်ဖြစ်သည်။

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအနေဖြင့် အရည်အသွေးကောင်းမွန်သည့် အထည်ကျောက် အရိုင်းတုံးငါးတုံးအပါအဝင် ကျောက်စိမ်းအတွဲ စုစုပေါင်း ၂၄၅၉တွဲကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၂၁ရက်မှ ၂၄ရက်အထိ ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုနှစ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများအနက် အခြေခံကြမ်းခင်းဈေး အများဆုံးအဖြစ် ကျောက်စိမ်းအတွဲနံပါတ် ၂၄၂၉သည် ကျောက်စိမ်းအခြမ်း ငါးခြမ်းပါဝင်၍ အလေးချိန် ၁၂၅ ဒသမ ၀၀ကီလိုရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေတစ်သန်းဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲ နံပါတ်၂၃၂၂သည် ကျောက်စိမ်းအခြမ်းခြောက်ခြမ်းပါဝင်၍ အလေးချိန် ၂၉၆ဒသမ၀၀ကီလိုရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ရှစ်သိန်းဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲ နံပါတ် ၂၄၂၆သည် ကျောက်စိမ်းအခြမ်းသုံးခြမ်း ပါဝင်၍ အလေးချိန် ၉၂ဒသမ၀၀ကီလိုရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ၆၆၈၀၀၀ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲနံပါတ် ၂၃၁၈သည် ကျောက်စိမ်းအခြမ်း လေးခြမ်းပါဝင်၍ အလေးချိန် ၁၆၅ဒသမ၀၀ကီလိုရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ၃၈၀၀၀၀ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲနံပါတ်၂၃၃၂သည် ကျောက်စိမ်းအခြမ်း နှစ်ခြမ်းပါဝင်၍ အလေးချိန် ၅၉ဒသမ၀၀ကီလိုရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ၁၂၈၀၀၀ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲ နံပါတ် ၂၃၂၄သည် ကျောက်စိမ်းအခြမ်း နှစ်ခြမ်းပါဝင်၍ အလေးချိန် ၉၁ဒသမ၀၀ကီလိုရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ၁၀၀၈၀၀ဖြင့်လည်းကောင်း ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း အသီးသီးတင်ပြရောင်းချသွားမည်ဖြစ် သည်။ **(မြန်မာ့အလင်း)**

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းတုံးများကို ကြည့်ရှုလေ့လာကြစဉ်။
(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ဖူလ်ဟမ်က ချယ်လ်ဆီးကို တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ယူ ရှုံးနိမ့်ခြင်းအရသာများ မော်ရင်ဟိုခံစားနေရပြီ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၂၀

ပရီမီယာလိဂ် ပွဲစဉ်(၃၀)ကို မတ် ၁၉ ရက်၌ ဆက်လက်ကစားရာတွင် နာမည်ကြီး ချယ်လ်ဆီးတို့ အဝေးကွင်း၌ ဖူလ်ဟမ်ကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရာ ပရီမီယာလိဂ်ဖလားကို ယခင်နှစ်ကထက် အချိန်စောစီးစွာ ရယူမည်ဟု ကြုံးဝါးထားသော နည်းပြမော်ရင်ဟို၏ စကားလည်း မပီပြင် ဝိုးတဝါးဖြစ်ခဲ့ရပြီ ဖြစ်သည်။

ဖူလ်ဟမ်နှင့် ချယ်လ်ဆီး

အဝေးကွင်း နိုင်ပွဲတစ်ပွဲမျှ မရရှိသေးသော်လည်းအိမ်ကွင်းရလဒ်ကောင်းသည့် ဖူလ်ဟမ်တို့ ပရီမီယာလိဂ် တန်းစီဇယားကိုထိပ်ဆုံးမှ ဦးဆောင်နေသော ချယ်လ်ဆီးကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူလိုက်နိုင်ပြီဖြစ်သည်။

ချယ်လ်ဆီးတို့ ဖူလ်ဟမ်ကို အနိုင်ကစားရန် လူစုံထုတ် ကစားခဲ့ရာ၌ အမာခံလူများကို အချိန်စောစီးစွာပင် ထုတ်သုံးခဲ့သည်။ ချယ်လ်ဆီးတို့ ပွဲအစမှာပင် ဖူလ်ဟမ်၏ မာမာတင်းတင်း တုံ့ပြန်ကစားမှုကြောင့် ၁၇ မိနစ်တွင် ဖူလ်ဟမ်တိုက်စစ်မှူး မောတေးက ချယ်လ်ဆီး နောက်ခံလူများနှင့်ထိပြီး ကျုံထွက်လာသည့် ဘောလုံးကို ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိ သွားသည်။

အောင်ပွဲခံ

ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဖူလ်ဟမ်နှင့် ချယ်လ်ဆီးတို့ ပွဲတွင် ချယ်လ်ဆီးဘက်သို့ ဂိုးသွင်းယူပြီးနောက် အောင်ပွဲ ခံနေသော တိုက်စစ်မှူး မော်တေး (လယ်) **နှင့် ကစားဖော်များ။**

(ဓာတ်ပုံ–အင်တာနက်)

အဖွင့်ဂိုး စောစီးစွာ ပေးလိုက်ရသဖြင့် ချယ်လ်ဆီးတို့ တိုက်စစ်အားမြှင့်တင်သည့် အနေဖြင့် ဂျိုးကိုးလ်အစား ဒရော့ဘာ၊ ရိုက်ဖီးလစ်အစား ဒပ်ဖ်တို့ကို ဝင်ရောက်ကစားစေခဲ့သည်။ သို့သော်တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ချယ်လ်ဆီးတို့ ဂိုးမရရှိဘဲ ပထမပိုင်း ပွဲချိန်ပြီးခဲ့ရသည်။

ဒုတိယပိုင်းတွင် ချယ်လ်ဆီးတို့ ချေပဂိုးရရှိရေး ဖိကစားထားရာမှ ၅၉ မိနစ်တွင် ဒရော့ဘာ လက်နှင့်ပုတ်၍ ဘောလုံးယူပြီး ကန်သွင်းသည့် ဂိုးကို ဒိုင်လူကြီးက ဂိုးမပေးခဲ့ချေ။ မိနစ် ၆၀ တွင် ဖူလ်ဟမ်တို့ကန်သွင်းသည့် ပြစ်ဒဏ်ဘောကို ချယ်လ်ဆီးဂိုးသမားကာကွယ်နိုင်ခဲ့သည်။ ၆၆ မိနစ်တွင် ဒရော့ဘာ အပိုင်ခေါင်းတိုက်သွင်းချက်၊ မိနစ် ၇၀တွင် ဖရန့်လမ်းပတ်၏ အပိုင်ကန်သွင်းချက်များကို ဖူလ်ဟမ် ဂိုးသမားကာကွယ်နိုင်ခဲ့သည်။

ချယ်လ်ဆီးတို့ မနားတမ်း တိုက်စစ်ဆင် ကစားရာ ၉၁မိနစ်တွင် ဒရော့ဘာ ဂိုးရှေ့ တင်ပေးလိုက်သည့် ဘောလုံးကို တယ်ရီခေါင်းတိုက်သွင်းယူသော်လည်း ဂိုးသမားကာကွယ်နိုင်ခဲ့သည်။ ထို့နောက် လေလွင့်ချိန်ထပ်ဆောင်းပေးသည့် အချိန်အတွက် ချယ်လ်ဆီးမှ ဂါလက်ကစားရာတွင် ကြမ်းတမ်းမှုကြောင့် အနီကတ်ပြ အထုတ်ခံခဲ့ရသည်။ ပွဲချိန်ပြီးသည်အထိ ချယ်လ်ဆီးတို့ ချေပဂိုးမသွင်းနိုင်သဖြင့် တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

ချယ်လ်ဆီးတို့ယခုပွဲရှုံးခဲ့ရသဖြင့် ဒုတိယနေရာမှ မန်ယူနှင့်တစ်ပွဲလျော့ ၁၂ မှတ်ကွာသည့် အနေအထားရှိနေသည်။

နယူးကာဆယ်နှင့်လီဗာပူး

လီဗာပူးတို့ ခြေစွမ်းပြ အနိုင်ယူခဲ့သည့် ပွဲစဉ်ဖြစ်သည်။ လီဗာပူးတိုက်စစ်မှူး ပီတာခရောချ်က ၁၀ မိနစ်မှာပင် အဖွင့်ဂိုး သွင်းယူပေးခဲ့ပြီး ၃၅မိနစ်တွင် ဂျရတ်က တစ်ဂိုးသွင်းယူပေးခဲ့သည်။ ၄၁မိနစ်တွင် နယူးကာဆယ်မှ အမိုဘီက တစ်ဂိုးချေပနိုင်ခဲ့သော်လည်း ၅၂မိနစ်တွင် လီဗာပူးမှ ဆစ်စီက တစ်ဂိုးထပ်မံသွင်း ယူသဖြင့် သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် လီဗာပူးတို့ ၃၁ပွဲကစား ၆၁ မှတ်ဖြင့် တန်းစီဇယား တတိယနေရာ၌ ရှိနေသည်။

(အင်တာနက်)



မော်စကိုမြို့တွင် ကျင်းပလျက်ရှိသည့် ဓနသဟာယအားကစားပြိုင်ပွဲ အမျိုးသား မီတာ ၄၀၀ လိပ်ပြာ ရေကူးပြိုင်ပွဲတွင် ပထမရွှေတံဆိပ် ဆွတ်ခူးသွားသည့် စကော့တလန်မှ ရေကူးအားကစားသမား ဒေးဗစ်ကာရီ၏ ယှဉ်ပြိုင်ဟန်။

(ဓာတ်ပုံ–အင်တာနက်)

ဒဗလျူဘီစီ၏ ဟဲဗီးဝိတ်ချန်ပီယံပွဲ လက်ရှိချန်ပီယံဟာဆင်ရာမင်နှင့်စိန်ခေါ်သူတိုနီသရေပွဲဖြစ်

အက်လန်တစ်စီးတီး မတ် ၂၀

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်ရှိ အက်လန်တစ်စီးတီး၌ မတ် ၁၉ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ ဟဲဗီးဝိတ်ချန်ပီယံထိုးသတ်ပွဲတွင် လက်ရှိချန်ပီယံ ဟာဆင်ရာမင်နှင့် စိန်ခေါ်သူ ဂျိမ်းတိုနီတို့ သရေပွဲဖြစ်ခဲ့ကြသည်။ ၁၂ချီအပြည့်ထိုးသတ်ပြီးနောက် ဒိုင်လူကြီး သုံးဦးစလုံးက ၁၁၇–၁၁၇၊ ၁၁၄–၁၁၄၊ ၁၁၇–၁၁၇ ဖြင့် အမှတ်တူ သရေပွဲ သတ်မှတ်ပေးခဲ့သဖြင့် လက်ရှိဒဗလျူဘီစီ၏ ဟဲဗီးဝိတ်ချန်ပီယံ ဟာဆင်ရာမင်က ချန်ပီယံဆုကို ကာကွယ်ခွင့် ရရှိခဲ့သည်။ **(အင်တာနက်)**



ရီးရဲမက်ဒရစ်တို့အိမ်ကွင်း၌သရေပွဲဖြစ်ခဲ့ရသည့်စပိန်လာလီဂါပွဲစဉ်(၂၈)

မက်ဒရစ် မတ် ၂၀

စပိန်လာလီဂါပွဲစဉ်(၂၈)ကို မတ်၁၉ရက်က ဆက်လက်ကစားခဲ့ရာ ရီးရဲမက်ဒရစ်နှင့် ရီးရဲဘက်တစ်တို့ ဂိုးမရှိသရေပွဲဖြစ်ခဲ့ရပြီး အက်ဖ်စီစီဗီလာနှင့် မာလေ့ကာတို့လည်း တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရသည်။

ရီးရဲမက်ဒရစ်နှင့်ရီးရဲဘက်တစ်

ရာအူးလ်၊ ရော်ဘင်ဟိုနှင့် ဂူတီတို့ ရီးရဲဘက်တစ်နောက်တန်းကို ကျော်ဖြတ်နိုင်သော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ချေ။ ဇီဒန်းနှင့် ဆဲလ်ဂါတိုတို့ ရှေ့နောက်လိုက်ပါ ဘောလုံးသယ်ယူ ဖြန့်ဝေပေးနိုင်သော်လည်း တိုက်စစ်မှူးများ ဂိုးသွင်းမသေချာမှုကြောင့် ဂိုးမရရှိခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်တို့ ပွဲချိန် ၅၇မိနစ်တွင် ရာအူးလ်အစား ရော်နယ်ဒို၊ ကက်ဆာနိုအစား ဘတ်တစ်စတာတို့ ဝင်ရောက်ကစားခဲ့သော်လည်း ထိရောက်သော တိုက်စစ်ဆင်ထိုးဖောက်မှုကို မလုပ်နိုင်ခဲ့ချေ။ ထို့အတူ ရီးရဲဘက်တစ်မှ ဇစ်ကို၊ ရောဘတ်နှင့် ရီဗီရာတို့ကလည်း ဂိုးပေါက်တည့်အောင် မကန်နိုင်ဘဲလွဲချော်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

ရီးရဲမက်ဒရစ်မှ ဂူတီနှင့် မီဂျီရာတို့ အဝါကတ်အပြခံရသလို ရီးရဲဘက်တစ်မှ ဖာနန်ဒိုဗာရီလာနှင့်နာနိုတို့ အဝါကတ်ပြခံခဲ့ရသည်။ ယခုပွဲသည် ရီရဲမက်ဒရစ်တို့ အိမ်ကွင်း၌ ဒုတိယမြောက် သရေပွဲပင်ဖြစ်သည်။ ရီးရဲမက်ဒရစ်သည် ယခုပွဲ သရေပွဲကျသဖြင့် ၂၈ပွဲကစား ၅၃ မှတ်ဖြင့် တန်းစီဇယား ဒုတိယနေရာ၌ရှိနေသည်။

အက်ဖ်စီစီဗီလာနှင့်မာလေ့ကာ

အက်ဖ်စီစီဗီလာတို့ အိမ်ကွင်း၌ လေးပွဲမြောက်သရေပွဲပင်ဖြစ်သည်။ အက်ဖ်စီစီဗီလာ၏ ဆာဗီရိုလာ၊ ဖာဘီရာနိုနှင့် ရီနာတိုတို့လည်း အိမ်ကွင်း အနိုင်ရရှိရေး မာလေ့ကာနောက်တန်းကို မနားတမ်းဖြတ်ကျော်ကာ တိုက်စစ်ဆင်ထိုးဖောက်ကစားခဲ့သည်။

ထိုသို့ မနားတမ်းထိုးဖောက်ကစားမှုကြောင့် ၃၆ မိနစ်တွင် အက်ဖ်စီစီဗီလာ တိုက်စစ်မှူး ဆာဗီရိုရာက အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။ မာလေ့ကာ၏ ချေပဂိုးကို ၇၁ မိနစ်တွင် အိုကူဘိုက ချေပဂိုးပြန်သွင်းယူခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့ရခြင်းဖြစ်သည်။

လာလီဂါပွဲစဉ်အဖြစ် ရီးရဲမက်ဒရစ်နှင့် ရီးရဲဘက်တစ်တို့ပွဲတွင် ရီးရဲမက်ဒရစ် တိုက်စစ်မှူး ရော်နယ်ဒို ထိုးဖောက်ကစားဟန်။

(ဓာတ်ပုံ–အင်တာနက်)

အခြားပွဲရလဒ်များ

ကာဒစ်	၀ – ၀	အလာဗစ်
အက်စ်ပန်ညို	၂ – ၄	အိုဆာစူနာ
မာလေ့ကာ	၀ – ၁	ရီးရဲဇာရာဂိုဇာ
ရေဆင်း	၂ – ၁	ဗလင်စီယာ
ဆီလ်တာဗီရို	၀ – ၁	အက်သလက်တစ်ဘီလ်ဘာဂို။

(အင်တာနက်)

အေစီမီလန်နှင့်အင်တာမီလန်တို့ အနိုင်ရကြသည့် စီးရီးအေပွဲစဉ်(၃၀)

ရောမ မတ် ၂၀

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၀)ကို ဆက်လက် ကစားရာ အသင်းကြီးများဖြစ်ကြသော အေစီမီလန်၊ အင်တာမီလန်နှင့်ဖီအိုရင်းတီးနားတို့ နိုင်ပွဲများရရှိခဲ့ကြသည်။

အေစီမီလန်တို့အဝေးကွင်းအူဒီးနီစ်ကို ဂိုးပြတ်သွင်းအနိုင်ယူခဲ့သည့်ခြေစွမ်း အံ့ဖွယ်ထက်မြက်နေသည်။ ပထမပိုင်း ပွဲချိန်များတွင် အူဒီးနီစ်တို့ ခြေရည်တူ ကစားနိုင်သော်လည်း ပထမပိုင်းပွဲချိန် ပြီးခါနီးတွင် ကစားအားကျသလို ဖြစ်သွားခဲ့ရာမှ ၄၂ မိနစ်တွင် အေစီမီလန် တိုက်စစ်မှူး ရှက်ချင်ကိုက တစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အေစီမီလန်တို့ ဆက်တိုက် တိုက်စစ်ဆင်နိုင်ခဲ့ရာမှ ၆၁မိနစ်တွင် ဂီလာဒီနို၊ ၆၅မိနစ်တွင် ရှက်ချင်ကိုနှင့် ၇၁ မိနစ်တွင် ဆီးဒေါ့ဖ်တို့က တစ်ဂိုးစီဆက်တိုက်သွင်းယူခဲ့သဖြင့် အေစီမီလန်တို့ လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ ဟဲဗီးဝိတ်ချန်ပီယံ ထိုးသတ်ပွဲတွင် လက်ရှိ ချန်ပီယံ ဟာဆင်ရာမင် (ယာ) **၏ ဘယ်ဖြောင့် လက်သီး စိန်ခေါ်သူ ဂျိမ်းတိုနီအား ထိမှန်စဉ်။** (ဓာတ်ပုံ–အင်တာနက်)

အီတလီစီးရီးအေ ဘောလုံးပွဲစဉ်အဖြစ် အူဒီးနီစ်နှင့်အေစီမီလန်တို့ပွဲတွင် အေစီမီလန်တိုက်စစ်မှူးကာကာ ထိုးဖောက်ကစားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်တာမီလန်လည်း မိမိကွင်း ဆမ်စီရို၌လာဇီယိုကိုအနိုင်ကစားနိုင်ခဲ့သည်။ အင်တာမီလန်အတွက် ဂိုးများကို ၃၇ မိနစ်၌၊ လူးဝစ်ဖီဂို၊ ၄၆ မိနစ်တွင်ရီကိုဘာနှင့် ၇၂ မိနစ်တွင် ရီကိုဘာကပင်တစ်ဂိုး ထပ်မံ သွင်းယူခဲ့သဖြင့် သုံးဂိုးရရှိခဲ့သည်။

လာဇီယိုအတွက် ချေပဂိုးကို ၅၄ မိနစ်တွင် တိုက်စစ်မှူး ဂိုရန်ပန်ဒတ်ဗ်က သွင်းယူပေးခဲ့သဖြင့်သာ ချေပဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်တို့ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် ပွဲ(၃၀)ကစား ၆၅ မှတ်ဖြင့် တန်းစီဇယား တတိယနေရာ၌ ရှိနေသည်။

အခြားပွဲရလဒ်များ

ချီယေဗို	၄–၁	ဆီနာ
ရိုးမား	၂–၁	မက်ဆီနာ
ဖီအိုရင်တီးနား	၃–၁	အက်ကိုလီ
ရက်ဂျီးနား	၀–၂	အမ်ပိုလီ
ဆမ့်ဒိုးရီးယား	၀–၂	ပါလာမို
လေချီ	၁–၂	ပါးမား

(အင်တာနက်)

ဗောဓိတ်ကြုံး
127 D, သံလွင်လမ်း(ဝင်းဒါမီးယား) ရန်ကုန်

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ယုဇနကုမ္ပဏီ၏ ဆီချောစက်ရုံတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသောဝန်ထမ်းများ အလိုရှိသည်။

1. B.E°/°A.G.T.I (Mechnical)	ကျား	၅ ဦး
2. B.E°/°A.G.T.I (Electrical)	ကျား	၅ ဦး
3. B.E / A.G.T.I (Chemical)	ကျား	၂ ဦး
4. B.Sc (I.C)	မ	၂ ဦး
5. Food Technology	မ	၁ ဦး
6. ဘွဲ့ရ	မ	၅ ဦး
7. အထွေထွေဝန်ထမ်း(အလယ်တန်း)	ကျား/မ	၁၀ ဦး

အလုပ်လျှောက်ထားလိုသူများသည် အသက်(၄၅)နှစ်ထက်မကြီးသူဖြစ်ရမည်။ (၁) ဘွဲ့လက်မှတ်မူရင်းမိတ္တူ၊ (၂)ဓာတ်ပုံတစ်ပုံ၊ (၃)အလုပ်သမားမှတ်ပုံတင်၊ (၄)အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ (၅)မှတ်ပုံတင်များနှင့်အတူ **ယုဇနစင်တာ၊ အမှတ် ၁၃၀၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇** သို့ ၂၇-၃-၂၀၀၆ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

မန်းမြန်မာကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ညီမလေး **ဒေါ်သန်းသန်းစိန်** ၄-၁-၂၀၀၆ရက်နေ့ နိုင်ငံတော်မှချီးမြှင့်သည့် **သီရိသုဓမ္မသီဂီ** ဘွဲ့ကို ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးသိန်းစိုး-ဒေါ်တင်တင်လှ
သား-ခိုင်လင်းစိုး
သမီး-ရည်မွန်သိန်းစိုး။

မွေးနေ့မင်္ဂလာဆုတောင်း

ဦးသန်းမြင့် (**MD TOSTA GROUP LTD. & MD HIGH RISE CONSTRUCTION GROUP LTD.**)၏ ၂၁-၃-၂၀၀၆ရက်(အင်္ဂါနေ့)တွင် ကျရောက်သော မင်္ဂလာရှိသော မွေးနေ့တွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ နှစ်(၁၀၀)တိုင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ပါစေရန် ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ဇနီး – ဒေါ်မြဝင်း
သမီးများ – တင်တင်သန်း-ခင်မောင်တင်
အေးအေးသန်း-Capt. စံသိန်း
မြင့်မြင့်သန်း
မြေးများ – မြတ်သက်ခိုင်(ခ)**KAVEETHA**
ကောင်းဇော်ဟန်(ခ)**PRABHU NANDAN**
သက်နေဟိန်း(ခ)**GOVINDA KRISHANA**
သန့်နေဟိန်း(ခ)**GOPALA KRISHANA**

ကန့်ကွက်နိုင်ပါသည် ယာဉ်အမှတ် ၁က/၅၈၀၁ ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ပြည်နယ်ရုံး(လားရှိုး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ပြည်နယ်ရုံး(လားရှိုး)။**

ပြည်မြန်မာ

☎ 01- 394727,09-5131118

Y.E.S. မှ အင်္ဂလိပ်ဘာသာစကားသင်တန်းများ
Basic Spoken English : Mar - 14, 18,25, 28
Grammar Foundation Course: Mar-25, 28
Pre-Intermediate English: Mar -18,20, 28
Basic Writing Course (BWC) : Mar - 28
iBT TOEFL , IELTS , API (4-Skills),
SAT , AWC , IWC , VEC , IE
No. 190, 2nd Flr, 28th St (Upper) Pabedan Tsp ☎ 243950

☎ 254608, 377921
09-5021249

DOUBLE CERTIFICATE IN Business Administration Travel, Tourism & Hospitality
MHR မှ Diploma I, Diploma II, Advanced Diploma
MHR, Business and Management Institute
Tel : 707022, 09510 3747, 09501 0742

အမည်ပြောင်း

အဖ ဦးကြာမြင့်၏သား မန်းလေး လေး ၃/ကကရ(နိုင်)၀၈၈၆၆၈အား စောမျိုးမင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

စောမျိုးမင်းအောင်။

ကမ္ဘာ့ မိုးလေဝသနေ့အထိမ်းအမှတ် ဆောင်းပါးနှင့်စာစီစာကုံးပြိုင်ပွဲဆုရသူများ

ရန်ကုန် မတ် ၂၀

၂၀၀၆ခုနှစ် မတ်၂၃ရက်တွင်ကျရောက်မည့် (၄၅)နှစ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ဆုရရှိသူများမှာ ဂုဏ်ပြုစာပေဆု စိုးအောင်(တိုင်းရင်းဆေး)၊ ဆောင်းပါးပြိုင်ပွဲအတွက် ပထမဆု ဒေါက်တာလှဖေ(မန္တလေးမြို့)၊ ဒုတိယဆု ဦးသက်ဦး(မြဝတီရပ်မြင်သံကြား၊ မော်ဘီမြို့)နှင့် တတိယဆု ဒေါ်မေဇော်အောင်(ဗဟန်း၊ ရန်ကုန်မြို့)၊ အထက်တန်းအဆင့် စာစီစာကုံးဆုအတွက် ပထမဆု မောင်သက်ပိုင်စိုး(အထက-၆၊ ပုသိမ်မြို့)၊ ဒုတိယဆု မောင်သန်းအောင်ဖြိုး(အထက-၂၊ မြိတ်မြို့)နှင့် တတိယဆု မသဇင်သက်စုတင်(မြို့မ အလက၊ ကျောက်တန်း၊ ရန်ကုန်မြို့)တို့ဖြစ်သည်။

အဆိုပါ ဆောင်းပါးပြိုင်ပွဲနှင့်အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၀၆ခုနှစ် မတ်၂၃ရက်တွင် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ကမ္ဘာအေး ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ဆုရရှိသူများသည် မတ်၂၂ရက်မတိုင်မီ ကမ္ဘာ့မိုးလေဝသနေ့ ကျင်းပရေးကော်မတီ ဖုန်း ၀၁-၆၆၅၆၆၉၊ ၆၆၀၂၄တို့သို့ ဆက်သွယ်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် (က/ဂ)ရပ်ကွက် ၁၅၅လမ်း၌မီးလောင်မှု အနည်းငယ်ဖြစ်ပွား

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းတာမွေမြို့နယ် (က/ဂ)ရပ်ကွက် ၁၅၅လမ်း၌ ယနေ့နံနက်ပိုင်းတွင် မီးလောင်မှုဖြစ်ပွားရာ တာမွေမြို့နယ်မီးသတ်တပ်ဖွဲ့က အချိန်မီ သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ရန်ကုန်တိုင်း တာမွေမြို့နယ်(က/ဂ)ရပ်ကွက် ၁၅၅လမ်း အမှတ်၉၀ရှိ အိမ်ရှင် ဦးရဲသူရ၏နေအိမ်တွင် နံနက် ၁၁နာရီ ၂၅မိနစ်တွင် ဓာတ်ဆီလဲလှယ်ထည့်ရာမှ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တာမွေမြို့နယ်မီးသတ်ဦးစီးဌာနက မီးသတ်ယာဉ်သုံးစီးဖြင့် အချိန်မီ သွားရောက်ငြိမ်းသတ်ခဲ့ရာ ပတ်ဝန်းကျင်နေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းခြင်းမရှိဘဲ နံနက် ၁၁နာရီ၃၇မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မျက်နှာကြက်အနည်းငယ်သာလောင်ကျွမ်းပြီး ဆုံးရှုံးမှု အနည်းငယ်မျှသာရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီး သတိပြု

မလှိုင်မြို့နယ်၌ အောင်မင်္ဂလာစာကြည့်တိုက် အဆောက်အအုံ လွှဲပြောင်းပေးအပ် အောင်မြင်ရတနာဘုန်းကြီးကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်း

မိတ္ထီလာ မတ် ၁၀

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ထန်းပင်ကန်ကျေးရွာ၌ အောင်မင်္ဂလာစာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ခြင်း၊ အမကလွန်ကျောင်းဆောင်သစ်လှူဒါန်းခြင်းနှင့် အောင်မြင်ရတနာဘုန်းတော်ကြီးကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားများကို မတ် ၅ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံများ၌ ကျင်းပသည်။

ရှေးဦးစွာ အောင်မင်္ဂလာစာကြည့်တိုက် အဆောက်အအုံသစ်ကို မလှိုင်မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် အလှူရှင် ဦးတူးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့နာယက ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေစိုးသူက အောင်မင်္ဂလာ စာကြည့်အတွက် သုတရသစာအုပ်မျိုးစုံ အုပ် ၂၀၀ကို ပေးအပ်လှူဒါန်းရာ ထန်းပင်ကန်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြှိုးက လက်ခံရယူပြီး ဂုဏ်ပြုလွှာကို ပေးအပ်သည်။ စာကြည့်တိုက် အဆောက်အအုံသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို အလှူရှင်ဦးတူးမောင်က ပေးအပ်လှူဒါန်းရာ စာကြည့် တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က လက်ခံရယူသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွက် အလှူငွေကျပ် ၅၀၀၀၀၀ကို အလှူရှင် ဒေါ်ထားထားအေးက ပေးအပ်လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒေါ်တင်တင်ဝင်းက လက်ခံရယူကြသည်။

ဆက်လက်၍ အမကလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်နှင့်အလှူရှင် ဦးတူးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျောင်းဆောင်သစ်ကို အလှူရှင် ဦးတူးမောင်က မြို့နယ်ပညာရေးမှူး ဦးဗိုလ်လှိုင်သို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အောင်မြင်ရတနာဘုန်းတော်ကြီးကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးလွင်နှင့် အလှူရှင် ဦးတူးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အောင်မြင်ရတနာ ဘုန်းတော်ကြီးကျောင်း ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို လေကြောင်း အတတ်သင် လေတပ်စခန်း စခန်းမှူးဗိုလ်မှူးချုပ်ခင်မောင်တင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အောင်မြင်ရတနာဘုန်းတော်ကြီးကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ပေါ်၌ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တလာဘာဝတထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်အရှင်သူမြတ်တို့အား သင်္ကန်းစသောလှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားများတွင် ပင့်သံဃာ ၁၀၈ပါးအတွက် တစ်ပါးလျှင် စုစုပေါင်းငွေကျပ်၆၀၀၀၀ခန့် လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ငွေပေါင်းကျပ်၁၆၈၃ သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေဖြန့်ဝေပေးနိုင်မှု

ဘားအံမြို့ ဘားမဲတောင်ပေါ်ရှိ ဂါလန် လေးသိန်းဆံ့ ရေစုကန်လေးကန်မှ ရပ်ကွက်အလိုက် ရေဖြန့်ဝေပေးနိုင်မှု အခြေအနေများကို ဖေဖော်ဝါရီ ၂၄ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သနပ်ပင်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

သနပ်ပင် မတ် ၁၀

ပဲခူးတိုင်း သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် ညနေ ၃ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပြိုင်ပွဲဝင်ဘောလုံးအသင်း ၂၃သင်းမှ အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကာ စစ်ကြောင်းမှူးအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒိုင်လူကြီး ဦးသောင်းကျော် ဦးဆောင်ရွက်ပြီး မြို့နယ်ဥက္ကဋ္ဌအား ချီတက်အလေးပြုကြသည်။

ဆက်လက်၍ ပြိုင်ပွဲကိုကျင်းပရာ သူဌေးကုန်းကျေးရွာဘောလုံးအသင်းနှင့် ထောင်မင်းကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၂၂-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဠာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ပြည်တွင်းဖြစ်ကော်ဖီထုတ်လုပ်မှုအကြောင်း(အပိုင်း-၁)

၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (ရွှေဘုံရတနာမင်္ဂလာနန်းတော်အကြောင်း)

၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (သင်လည်း အကောင်းမြင်ဝါဒီ ဖြစ်နိုင်ပါတယ်– ဒေါက်တာအောင်မြင့်–ဆေး/မန်း)

ညနေပိုင်း

၁၇:၃၀ အစာနှင့်အာဟာရ (ပြင်ဦးလွင်က မက်မန်း–၂)

၁၇:၄၀ ဆွေးနွေးခန်း (တပ်မတော်နေ့ကဗျာပြိုင်ပွဲ (ဆုရသူများနှင့်ဆွေးနွေးခန်း)

၁၇:၄၅ အဆို၊အက၊အရေး၊အတီးဆုရ အစီအစဉ် စစ်ကိုင်းတိုင်းမှမောင်မျိုးသူရနှင့် ရန်ကုန်တိုင်းမှမောင်ဇော်မင်း(ခေါ်) ဖိုးလပြည့်၏ ဆိုင်းလက်သံ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)အောင်မြင်ကြီးပွားလမ်းစဉ်များ (အဲခေါင်ဘုန်း) (၂)ဒိုင်ယာရီဟောင်းထဲမှ ဘဝစာမျက်နှာများ (ကောင်းသန့်)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (EMG တေးထုတ်လုပ်ရေးမှမေတ္တာလက်ဆောင်ပေးပို့သည့် "မနက်ဖြန်အတွက်အဖြေ"တေးစီးရီး)

ပညာ့ပန်း ကိုယ့်အားကိုယ်ကိုးကျေးရွာ စာကြည့်တိုက်ဖွင့်

ပဲခူး ဖေဖော်ဝါရီ ၂၈

ပဲခူးမြို့နယ် ကမာနတ်ကျေးရွာအုပ်စု ရွှေပန်းကျေးရွာ ပညာ့ပန်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပညာ့ပန်း စာကြည့်တိုက်ကို ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်ဝင်း၊ ပဲခူး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာမောင်မောင်မြင့်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးရဲထွန်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲမြင့်ထွန်းတို့က အမှာစကားများ ပြောကြားကြပြီး ခရိုင်ဦးစီးအရာရှိ ဦးကြည်ဝင်းက စာကြည့်တိုက်နှင့်ပတ်သက်၍ ဟောပြောပြီး အလှူရှင်များက စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်ကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ သိကောင်းစရာများ စကားဝိုင်းဖွဲ့ဆွေးနွေး

ကျောက်ကြီး မတ် ၁၂

ကျောက်ကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော် ဦးဆောင်သောအဖွဲ့သည် မတ် ၂ရက်က ကျောက်ကြီးမြို့နယ် နောင်ကုန်းကျေးရွာသို့ သွားရောက်၍ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသူများနှင့်တွေ့ဆုံ၍ မိသားစုစကားဝိုင်းဖွဲ့ ဆွေးနွေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများနှင့် ဖွဲ့စည်းပုံအကြောင်းကိုလည်းကောင်း၊ အဖွဲ့ဝင်ဒေါ်စုစုရီက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးတည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီး စကားဝိုင်းဖွဲ့ ဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေတာရှည်မြို့နယ်နှင့် ပအိုဝ်းတိုင်းရင်းသား အမျိုးသမီးရေးရာအဖွဲ့တို့ တွေ့ဆုံဆွေးနွေး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်း၊ တိုင်းရင်းဆေးဖြင့်အခမဲ့ကုသ

ရေတာရှည် ဖေဖော်ဝါရီ ၂၈

ရေတာရှည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းစိန်ဦးဆောင်၍ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၁၉ ရက်က ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ရေနီမြို့ အရှေ့ဘက်ရှိ ဆီမီးကံကျေးရွာတွင် ပအိုဝ်းတိုင်းရင်းသားများကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအား တွေ့ဆုံ၍ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးအခြေအနေများကို ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြသည်။

အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မေစန်းရီက ဖွဲ့စည်းပုံနှင့်အမျိုးသမီးများအတွက် ဥပဒေများရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်ဒေါ်အေးကြူက မျိုးချစ်စိတ်ပေါ်ထွန်းရေး၊ ယဉ်ကျေးမှုမြတ်နိုးထိန်းသိမ်းရေးကိုလည်းကောင်း၊ ကျန်းမာရေးဌာနမှ သူနာပြုဆရာမကြီး ဒေါ်ခင်ပြုံးဦးက မျိုးဆက်ပွားကျန်းမာရေးနှင့် ကူးစက်ရောဂါကာကွယ်တားဆီးရေးကိုလည်းကောင်း ဟောပြောပြီး ဆီမီးကံကျေးရွာစာကြည့်တိုက်အတွက် မြို့နယ်ဦးစီးမှူးဒေါ်သန်းသန်းနှင်းက စာအုပ်များပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျန်းမာရေးဌာနက ပအိုဝ်းတိုင်းရင်းသားမိသားစုများအား နေ့လယ်ပိုင်းတွင် တိုင်းရင်းဆေးများဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

လမိုင်းမြို့တွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို မတ် ၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ ဦးခင်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ဗဟန်းမြို့နယ် ကြားတောရလမ်း ဇေယျာအောင်မြေကျောင်း ဓမ္မသုခတိုက်၌ မတ် ၁၅ရက်ကကျင်းပသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ပူဇော်ပွဲနှင့် တောင်ငူအသင်းနှစ်ပတ်လည် အစည်းအဝေးတွင် အသင်း ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်း(ဘုရင့်နောင်သက်န်းတိုက်)တို့က သီရိသုဓမ္မသီဂီဘွဲ့ရ ဒေါ်သန်းသန်းနွဲ့(ကြယ်နီဆေးလိပ်ခုံပိုင်ရှင်)အား ဂုဏ်ပြုလက်ဆောင် ကျောက်မျက်ပန်းချီကား ပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

မန္တလေးအသင်း ဂုဏပူဇာသဘင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်းဆရာတော် ဘဒ္ဒန္တ သုဇနဝိယ၊ ချမ်းအေးသာစံမြို့နယ် အနောက် ခင်မကန်တိုက် စည်သာကျောင်း ဆရာတော် ဘဒ္ဒန္တ နာရဒ၊ မဟာအောင်မြေမြို့နယ် ကင်းဝန်မင်းကြီးတိုက် ဆရာတော် ဘဒ္ဒန္တ ဝဇီရာဝုဓ၊ ရန်ကင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဩဘာသိရီဘိဝံသ ဆရာတော် လေးပါးအား မန္တလေးအသင်း(ရန်ကုန်)၏ ဂုဏပူဇာသဘင် ဆင်ယင်ပွဲကို မတ် ၁၅ ရက် နံနက်က ပန်းဘဲတန်း မြို့နယ် ကုန်သည်လမ်း အသင်းတိုက် ရတနာပုံခန်းမ ဆောင်တွင် ကျင်းပရာ မန္တလေးအသင်းဝင်များ တက်ရောက် ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ဆက်ကပ်

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်လိုက်ပြီး မန္တလေးအသင်းဥက္ကဋ္ဌ ဦးမြသောင်းနှင့် အမှုဆောင်များက ဆရာတော်များထံ အလှူရှင်များကိုယ်စား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် လူပုဂ္ဂိုလ်သာသနာပြု မဟာသဒ္ဓမ္မဇောတိကဘွဲ့ရ မန္တလေးအသင်း နာယက ဒေါက်တာ ခင်မောင်ညွှန့်အား အသင်းဥက္ကဋ္ဌ ဦးမြသောင်းက ဂုဏ်ပြုဆုချီးမြှင့်သည်။

ဆက်လက်၍ ဂုဏပူဇော်ခံဆရာတော်များ ကိုယ်စား အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာရဒ ဆရာတော်က သမ္ဗောဒ္ဓိယ ဩဝါဒကထာမြွက်ကြား ချီးမြှင့်တော်မူပြီး လှူဒါန်းမှု အစုစုတို့ အတွက် ရေစက်ချ တရားဟောကြားတော်မူကြောင်း သိရသည်။ **(က–ပ)**

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော သုခလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၈ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

သာစည်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှု တိုင်းစည်ပင်သာယာ ဒုတိယညွှန်ကြားရေးမှူး စစ်ဆေး

သာစည် ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်က သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပိုင်ရုံးဝင်းအတွင်း၌ ကိုင်းဖြတ်ပျိုးထောင်ထားသည့် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်မှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်ကြိုင်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် ခြံစည်းရိုးကြက်ဆူကိုင်းဖြတ်ပျိုးထောင်ခဲ့မှု အခြေအနေနှင့် သာစည်–ညောင်ရမ်းလမ်းမကြီး၏ လမ်းဘေးဝဲယာတို့တွင် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်၍ အကြံပြုမှာကြားသွားကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မိုးနဲမြို့ သရဖီလမ်း ကျောက်ချောလမ်းသစ်ဖွင့်

မိုးနဲ ဖေဖော်ဝါရီ ၂၂

မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော သရဖီလမ်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်း တက်ရောက် အမှာစကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကျောက်ချောလမ်းသစ်ကို လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးအောင်မောင်း၊ နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူးသန့်ဇင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးသောင်းထွန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အကုန်အကျခံဆောင်ရွက်

အဆိုပါလမ်းမှာ အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ ရှိပြီးငွေကျပ် ၆၁၉၀၀၀ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဧရာဝတီတိုင်း သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ခုဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ငွေဖြင့်ဆောင်ရွက်သော စဥ့်ကူးတံတားကို မတ်၇ရက်က ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူး ဦးနေဦး ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မီးလောင်ကျွမ်းနိုင်မှုနှင့်ကြိုတင်ကာကွယ်ရေးစနစ်ရှင်းလင်း မီးသတ်ဆေးဘူးဖြင့် လက်တွေ့ငြိမ်းသတ်သရုပ်ပြ

ဝမ်းတွင်း မတ် ၁၀

ဝမ်းတွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီ အရောင်းဆိုင်အမှတ် ၀၃၇၂ တွင် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၅နာရီက မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်နှင့်အညီ သရုပ်ပြလေ့ကျင့် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးမြင့်ဦးက ရေနံလောင်စာဆီနှင့် ပတ်သက်၍ မီးလောင်ကျွမ်းနိုင်မှု အခြေအနေများနှင့် ကြိုတင်ကာကွယ်ရေးစနစ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စက်သုံးဆီအရောင်းဆိုင် မန်နေဂျာ ဦးကံမြင့်က မီးဘေးကြိုတင် ကာကွယ်ရေးစီမံချက်ကို ရှင်းလင်းပြောကြားပြီး မြန်မာ့ရေနံထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများက မီးဘေးကြိုတင်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ မီးငြိမ်းသတ်ကျွမ်းကျင်မှု အခြေအနေများကို မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ငြိမ်းသတ် သရုပ်ပြကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဆိပ်ငယ်ဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မတ်၁၂ရက်က မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော တဲကုန်းကျေးရွာအုပ်စု တဲကုန်းကျေးရွာတွင် နှစ်လက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၃ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

အုတ်ဖိုမြို့နယ်၌ စက်ရေတွင်းဖွင့်

အုတ်ဖို မတ် ၁၈

အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်ခဲ့သော ချောင်းစောက်ကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈နာရီက ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းလွင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။ **(၀၇၄)**

(၄၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်

ရန်ကုန် မတ် ၂၀

၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၆ နိုင်ငံ၊ ကုမ္ပဏီ ၄၁၉ ခုမှ ရတနာကုန်သည် ၁၄၇၅ ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၃၅၅ ခုမှ နိုင်ငံသား ရတနာကုန်သည် ၈၈၄ ဦး စုစုပေါင်း ရတနာကုန်သည် ၂၃၅၉ ဦး ရောက်ရှိနေကြပြီ ဖြစ်သည်။

တင်ဒါစနစ်ဖြင့်ရောင်းချ

အဆိုပါ ရတနာကုန်သည်များသည် ယနေ့နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြပြီးနောက် မိမိတို့ ဝယ်ယူလိုသည့် တင်ဒါစနစ်ဖြင့်ရောင်းချမည့် ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို မြန်မာ့ကျောက်မျက်ရတနာခန်းမ ဈေးပြိုင်ခန်းမရှိ တင်ဒါပုံးများထဲသို့ ထည့်သွင်းကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

မတ် ၁၈ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စိုက်ပျိုးရေးပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

အရည်အသွေး အဆင့်အတန်းမြင့်မားသည့် စက်များရရှိရေး ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်မွေးမြူ ထုတ်လုပ်သည့်ပစ္စည်းများ သက်တမ်းပြည့်အသုံးပြုနိုင်ပြီး စက်စွမ်းအားပြည့်မီစေရေးဆောင်ရွက် ကြက်ဆူဆီဖြင့် မောင်းနှင်သည့်အတွက် သုတေသနပြုပြီး စက်အစိတ်အပိုင်းများ ပြုပြင်ထုတ်လုပ်

ရန်ကုန် မတ် ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော်စက်မှုနယ်မြေ၌ (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန လျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံနှင့် မော်တော်ယာဉ်သုံးလျှပ်စစ်ပစ္စည်းစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး စက်ရုံဆိုင်းဘုတ်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော်စက်မှုနယ်မြေရှိ အမှတ် (၂)စက်မှုဝန်ကြီးဌာန သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနသို့ ရောက်ရှိရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ တပ်မတော်အရာရှိကြီးများ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လျှပ်စစ်မော်တာထုတ်လုပ်မှုစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့်နေ့အပူချိန်များ

ပျဉ်းမနား
မင်းဘူး
ပြည်
သာယာဝတီ
} ၄၀ ဒီဂရီ စင်တီဂရိတ်